mgyoe.com

SAMPLE BOOK



မေ ၇၅ နှစ်ပြည့်အမှတ်တရထုတ်ဝေသည်

mgyoe.com

mgyoe.com

SAMPLE BOOK

မေဝတ္ထုကိုဖတ်ရသည်မှာ ရှန်ပိန်အရက်ကိုသောက်လိုက်သည်နှင့် တူလေသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အရသာမှာ အခြားအစားအစာများလို ခါးချဉ်... ခါးချဉ် မဟုတ်ဘဲ၊ ဝုန်းဝုန်းကဲကဲ ရှိန်းခနဲဖိန်းခနဲ ဖြစ်သွားရသောကြောင့်ဖြစ်သည်။

ကိုဖဟိန်း

တောရွာ ဇာတိနေ စာရေးဆရာတစ်ဦးအား စကားသစ်ကို မရှာရအောင်ရှာခဲ့ကြ၏။ စကားသစ်သုံးနိုင်ရန် အခြေအနေကို ထမင်းဖန်တီး၍သုံး၏။ ညီမျှသာမက ပြတ်သမ်ဆိုး သုံး၏။ စာတစ်မျက်နှာတွင် စကားဆန်းလေးငါးခြောက်လုံး သုံးချင် သုံး၏။ ဥပမာ တောရွာ၏နာမည်ကြီး လေနုအေးကလေး နေ့ခင်းကို ဆိုသော မေ၏ အဖွင့်စာကြောင်းကိုကြည့်။

သိန်းဖေမြင့်

မေသည် ကမ္ဘာစစ်ကြီးတစ်ခုကို ဖြတ်သန်းခဲ့ရပြီဖြစ်သော်လည်း အလှမပျက်သေး။ အနုမပျက်၍ လှပဆဲ နုပျိုဆဲပင်ဖြစ်ပါ၏။ လှသောမေကို စာရေးဆရာကြီး ဒဂုန်တာရာသည် လှလှကလေးဖွဲ့ထား၏။ မေသည် စာမျက်နှာပေါ်မှ ခုန်ထွက်ကာ ကျွန်တော့်ရင်ခွင်ထဲသို့ တိုးဝင်လာလေသလောပမာပင် ကျွန်တော်သံသယဖြစ်ရသည်။

မြသန်းတင့်

9 248480 500400

mgyoe.com

Cover Design by Maung Day

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်အဆက်ဆက် ဖတ်လို့ မရိုးနိုင်တဲ့ ဆရာဒဂုန်တာရာရဲ့ မေဝတ္ထုကို
၈ ကြိမ်မြောက် ပြန်လည်ထုတ်ဝေလိုက်တာပါပဲ။
မေ ဝတ္ထုက ၇၅ နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ သို့သော် မေဟာ နုပျိုဆဲ . .
ဒီတစ်ကြိမ်မှာတော့ အရင်ထုတ်ဝေခဲ့တဲ့အကြိမ်တွေက မျက်နှာဖုံးပုံလေးတွေနဲ့ အတူ
မေ ဝတ္ထု ဖြတ်သန်းခဲ့ရာလမ်းကြောင်းတစ်လျှောက် တွေကြုံခဲ့တဲ့အကြောင်းတွေ၊
ဒါတွေကို စာတမ်းတစ်စောင်သဖွယ် ပြုစုတင်ပြထားတဲ့
ဆရာ မောင်သာမညရဲ့ ဆောင်းပါးရှည်ကြီးကိုလည်း
နောက်ဆက်တွဲအနေနဲ့ ဖော်ပြထားပါတယ်။ မေ ချစ်သူများ ကျေနပ်ကြမယ်လို့
မျှော်လင့်ပါတယ်။

နှစ်ကာလများစာပေ



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၂၀၂

# မေ

ဒဂုန်တာရာ

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဆေးယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁၈ ၂၅၅ ၉၄၈၊ ၀၉ ၂၅ ၄၈ ၄၈၀ ၄၈၊
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ဒဂုန်တာရာ

မေ

အဋ္ဌမအကြိမ်၊ ဩဂုတ်၊ ၂၀၁၆

နှစ်ကာလများစာပေ

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၇၀၀၀ ကျပ်


**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ(၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက် (၀၀၁၄၂)၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** သရဖီ။ **မျက်နှာဖုံး** မောင်ဒေး။ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK



ပထမအကြိမ်
၁၉၄၁
နဂါးနီစာအုပ်တိုက်




ဒုတိယအကြိမ်
၁၉၄၇
ငွေးမြိုင်စာအုပ်ဖြန့်ချိရေး

mgyoe.com


SAMPLE BOOK



တတိယအကြိမ်
၁၉၆၀
မိုးဦးပန်းစာပေ




စတုတ္ထအကြိမ်
၁၉၇၀
သင့်စာပေ




ပဉ္စမအကြိမ်
၁၉၉၈
အသိုင်းအဝိုင်းစာပေ




ဆဋ္ဌမအကြိမ်
၂၀၀၂
သီဟရတနာစာပေ

mgyoe.com

mgyoe.com SAMPLE BOOK




သတ္တမအကြိမ်
၂၀၁၃
အလင်္ကာစာပေတိုက်




BEVERLEY NICHOLS ၏
**SELF**
[ မေ ၏ မူရင်းစာအုပ် ]

mgyoe.com

mgyoe.com
SAMPLE BOOK


## နဂါးနီ စာအုပ်တိုက်၏ အမှာ

ကမ္ဘာ့စာပေမှာ နာမည်ဆိုးနှင့် ကျော်ကြားသည့် ဇာတ်လိုက်မ အင်နာကရင်နီနာ၊ မဒမ်ဗိုဘာရီ စသည်တို့ကဲ့သို့ မြန်မာဝတ္ထုထဲက ဇာတ်လိုက်မ 'မေ' သည်လည်း နာမည်ဆိုးနှင့် ကျော်ကြားသည်ဟု ဆိုရမည်လား မသိပေ။ သို့သော် အင်နာကရင်နီနာကို ရေးသူ တော်လ်စတွိုင်းကား အင်နာကရင်နီနာဘက်က နေသည်။ ဆရာ ဒဂုန်တာရာလည်း 'မေ' ဝတ္ထုကို ရေးရာ ဇာတ်လိုက်မ 'မေ'ဘက်က နေသည်ဟု ဆိုရပေမည်။

ဘာ့ကြောင့် သူတို့ဘက်က လိုက်သလဲ။ စာရေးဆရာသည် ဤဇာတ်ကောင် အမျိုးသမီးတို့အပေါ် လူသားတစ်ဦးအဖြစ် ကရုဏာသက်ခြင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။ လူသည် ပတ်ဝန်းကျင်၏ ပြုပြင် ဖန်တီးမှုကို ခံရသည့် သားကောင်ပင် မဟုတ်လား။ မှီးသော ဝတ္ထုဟု ၈၊ ၈၊ ၁၉၄၁ နဂါးနီစာအုပ်တိုက် လီမိတက်မှ ထုတ်ဝေခဲ့သော ပထမ မူအတိုင်း ထုတ်ဝေပါသည် ဆိုသော်လည်း မြန်မာ့ လူ့အဖွဲ့အစည်းထဲက မြန်မာ့ဇာတ်ကောင် တစ်ဦးအဖြစ် အသက်သွင်းလိုက်ခြင်း ဖြစ်သည်။ 'မေ' သည် ထိုခေတ် ထိုအခါက လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင် တစ်ခု၏ ရိုက်ပုတ်မှုဒဏ်ကို အကြီးအကျယ် ခံခဲ့ရသော သားကောင် တစ်ဦးသာ ဖြစ်သည်။ ထို့ကြောင့် စာရေးဆရာက ကရုဏာသက်ကာ သူ့ဘက်က နေခဲ့သည် ဖြစ်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဥရောပ အလယ်ခေတ်ကနေ အသိဉာဏ် ပွင့်လင်းသော ရိနေဆန်ခေတ်သို့ ရောက်လာသောအခါ ဥရောပသားတို့သည် ရှေး လက်တင်နှင့် ဂရိစာ စာပေများကို လိုက်လံ ရှာဖွေ စူးစမ်း ဖတ်ရှုလာကြသည်ဟု ဆိုသည်။ မြန်မာစာပေ ပြန်လည် ဆန်းသစ်လာရန်လည်း ယခင်က စာပေများကို ပြန်လည် ဖတ်ရှုလေ့လာဖို့ လိုအပ်ပါသည်။ ယနေ့ လူငယ်များသည် ကိုယ့်အရင်က လူကြီးများက ဘာတွေ ပြောခဲ့ကြ၊ ဘာတွေ လုပ်ခဲ့ကြ၊ ဘာတွေ ရေးထားခဲ့ကြသလဲ ဆိုသည်ကို ပြန်လည် လေ့လာစူးစမ်းခဲ့ကြသည့်အခါ စာအုပ်ရှားပါးမှု အခက်အခဲ တစ်ခုကို တွေ့ရသည်။ စာအုပ်စာတမ်း ရှားပါးမှုသည်လည်း အတိတ်နှင့် ပစ္စုပ္ပန် စာပေ ဆက်စပ်နိုင်မှုတွင် ကြီးမားသော အဟန့်အတားတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ထိုအဟန့်အတားကို တတ်နိုင်သည့်ဘက်က ဖြေရှင်းပေးလိုသည့် ဆန္ဒနှင့် ဤစာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။ တခြား စာအုပ်ကောင်းများကိုလည်း ဆက်လက် ထုတ်ဝေနိုင်ရန် စီစဉ် ကြိုးစားပါဦးမည်။

ကျော်ကြားခဲ့သော သခင်ဗဟိန်း၏ အမှာစာနှင့်အတူ ဆရာ ဒဂုန်တာရာ၏ 'မေ'ဝတ္ထုကို ပြန်လည် ထုတ်ဝေလိုက်သည့်အတွက် ယနေ့ လူကြီး၊ လူငယ်များ ပြန်လည်ဖတ်ရှု သုံးသပ် ဆင်ခြင်နိုင်ကြလျှင်၊ 'မေ' ကို ဖတ်၍ တစ်စုံတစ်ရာ အကျိုးရှိသည်ဟု ယူဆလျှင်တော့ ထုတ်ဝေသူ အနေနှင့် အလွန် ပီတိဖြစ်ရပါမည်ဟု ...။

၈၊ ၈၊ ၁၉၄၁။

mgyoe.com

mgyoe.com
SAMPLE BOOK


## သခင်ဗဟိန်း၏ အမှာ

### နိဒါန်း

'မေ' ဝတ္ထုကို ဖတ်ရသည်မှာ ရှန်ပိန်အရက်ကို သောက်လိုက်သည်နှင့် တူလေသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အရသာမှာ အခြား အစာအာဟာရများလို ဒါချည်း ... ဒါချည်း မဟုတ်ဘဲ ထူးထူးကဲကဲ ရှိန်းခနဲဖိန်းခနဲ ဖြစ်သွားသောကြောင့် ဖြစ်သည်။

သူ့ကို လျှာပေါ် တင်လိုက်ကတည်းက ဆန်းသစ်သော ဝေဒနာကို တွေ့ရသည်။ ခါတိုင်း စားနေကျအရာများထက် ထူးသည်ကိုတော့ သိလိုက်သည်။ ဝမ်းထဲသို့ ချောချောမွေ့မွေ့ ဝင်မသွား။ ပထမတော့ ပူတူတူ ရှိန်းတိန်းတိန်းနှင့်ပင် မျိုချလိုက်ရသည်။ သူ့ကို ဖတ်နေစဉ်ပင် အသစ်အဆန်းကလေးများကို မတွေးဝံ့ဝံ့ ဖြစ်နေရသည်။ သို့ရာတွင် ဘာပဲဖြစ်ဖြစ် သူ့ကို တွေ့ရ၍ ခံစားရမည့် ဝေဒနာကို ရင်ဆိုင်ရမည်။ သူ့အယုအယကို ခံယူရာ၌ သူ့ကို အရေလည်ဖို့ လိုသည်။ သူ၏ ယုယမှုမှာ အရေလည်ရေးပေါ်တွင် တည်လေသည်။ အရေလည်လာလေ ဖတ်၍ အင်မတန် အရသာရှိလေ ဖြစ်သည်။ သူ့စိတ်ကူးကို ဖော်ကျူးသော အရေးအသားမှာ အနုစိတ်သည်။ သူ အနုစိတ်သလောက် ကြည့်သူက မြင်မှ ဟန်ကျသည်။ သူ၏ ရောင်ခြည်များသည် ရှေ့ဝယ် လှပစွာ ထင်လာလေသည်။ ထိုရောင်ခြည်များသည် ပဥ္စလက်နည်းဖြင့် ပေါ်လာသော

mgyoe.com

mgyoe.com SAMPLE BOOK

ရောင်ခြည်ဖြစ်၍ ထိုဟာသာ သူ၏ Art အတတ်ပညာ ဖြစ်လေသည်။ ဒီဟာများသာ အရက်ကို မူးရသော အရသာ ဖြစ်လေသည်။

မေသည် မည်သူ့ အအုပ်အထိန်းကိုမှ မခံရသော ကောလိပ်ကျောင်းသူကလေး ဖြစ်သည်။ သူ့သဘောအတိုင်း ဘာမဆို လုပ်နိုင်သည်။ မေသည် ကျောင်းက ထွက်လျှင်ထွက်ချင်း လူကုံထံတွေနှင့် တွေ့ရသည်။ ပထမတော့ လူကုံထံကို နားမလည်။ လူကုံထံကို အကဲမခတ်တတ်။ နောက်ဆုံးမေသည် လူကုံထံကို နားလည်လာလေသည်။ နားလည်လျှင် လူကုံထံ၏ ဒဏ်ကြောင့်ပင် သူတို့ကို စွန့်ခွာ၍ သွားရလေသည်။ နောက် မေသည် သူ့ကိုယ်သူ လူကုံထံဖြစ်အောင် က,လေသည်။ ဒီအခန်းထိ ဝတ္ထုရေးဆရာက လူကုံထံတွေကို ပြောင်လှောင်လေသည်။ ဝတ္ထုရေး ဆရာသည် မေ့ဘက်က နေ၍ လူကုံထံကို သရော်သည်။ နှုတ်ခမ်း မဲ့သည်။ ကျန်အခန်းထိ ဝတ္ထုရေးဆရာသည် မေ့ဘက်ကလည်း မနေပေ။ ဘယ်ဘက်ကမှ မနေပေ။ မေ့ဘဝကိုသာ ဝတ္ထုရေးဆရာသည် ပန်းချီဆရာလို ပုံတူ ရေးပြသည်။ မေ့ပုံကားကို ရေးရာ၌ တစ်လုံး တစ်ပါဒမျှ မကွန့်၊ ဆေးရောင်နှင့်လည်း မမှုန်းသ။ မေ့ကို စက္ခုဖြင့် မြင်ရသည့်အတိုင်းသာ ရေးဆွဲလေသည်။ တစ်ခုတော့ ရှိသည်။ ပုံကားဆွဲရာတွင် ဆေးသား အင်မတန် ညီသည်။ အခြယ်အလှယ် လှပသည်။ လက်ရာယဉ်ကျေးသည်။ ပုံကားပြီးလျှင် ဝတ္ထုရေးဆရာသည် အသာ ထောင်ထားလိုက်လေသည်။ ဘယ်နေရာက အမှောင်၊ ဘယ်နေရာက အလင်း စသည်တို့ကိုမူ ဝတ္ထုရေးဆရာက မညွှန်ပြ။ ကြည့်သူကသာ အလင်းနှင့် အမှောင်ကို ခွဲခြားရမည် ဖြစ်လေသည်။ ခွဲခြား၍ စိတ်ကူးဉာဏ်တိုးရခြင်းမှာ အရသာတစ်မျိုး ဖြစ်လေသည်။

* * *

'မေ'ဝတ္ထုကို ရေးသော ကိုဌေးမြိုင် (ဒဂုန်တာရာ) မှာ ကျောင်းသားဖြစ်လေသည်။ သူသည် တက္ကသိုလ် သမဂ္ဂအသင်းတွင် အမှုဆောင် တစ်ဦး ဖြစ်၍ သူသည် မနှစ်က ဝါဒပြန့်ပွားရေးမှူး ဖြစ်လေသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းမှ ထုတ်ဝေသော မျိုးညွန့်မဂ္ဂဇင်းနှင့် တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတို့တွင်

mgyoe.com

mgyoe.com SAMPLE BOOK 

အယ်ဒီတာ ဖြစ်ခဲ့သည်။ သူသည် သမဂ္ဂအစည်းအရုံး စင်မြင့်မှ လာသော စာရေးဆရာ ဖြစ်လေသည်။ သူ ရေးသော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများကို ဒဂုန်မဂ္ဂဇင်း၊ ဂန္ထလောက၊ ယူနီဘာစီတီကောလိပ် မဂ္ဂဇင်းများတွင် ဖတ်ရသည်။ သူသည် စာပေကို ရေးစက ကဗျာကို ရေးသည်။ ယခုမူ သူသည် ဝတ္ထုရေးဆရာ ဖြစ်လေပြီ။ သူ့တွင် ကဗျာစိတ်ကူး ရှိသည်။ ထို့ကြောင့် သူ ရေးသားရာ၌ စာလုံးကလေးများမှာ ကဗျာဆန်သည်။ အင်မတန် လှပသည်။ သူသည် ဝတ္ထုကို ရေးသားရာ၌ စာလုံးကလေးများကို ပန်းသီသလို သီသည်။ နောက်တစ်ခုမှာ သူသည် စကားလုံးထုဆရာ ဖြစ်သည်။ သူသည် စကားလုံး အသစ်ကလေးများကို ထုလုပ်သည်။ အသစ်အဆန်းများ ပေါင်းဖွဲ့၍ သူ့အရေးအသား ဖြစ်လာရသည်။ သူသည် သီကုံးရေးသားရာ၌ Rhythmic ညီညွတ်၍ ပြေပြစ်သည်။

သူသည် တော်လှန်မှုသမားလည်း ဖြစ်လေသည်။ ရေးနေကျ၊ စိတ်ကူးနေကျများကို တော်လှန်၍ အသစ်ထွင်လေသည်။ လေပြည် လေညင်းဟု မသုံး။ လေနုအေးဟု ရေးသည်။ ကစားသည်ဟု မရေး။ နော့သည်ဟု ရေးသည်။ ဒီလို သူသည် ဘယ်သူနှင့်မှမတူ၊ ဘယ်ဟာနှင့်မှ မတူသော အရသာမှာ ရှန်ပိန်အရက်ကို သောက်၍ မူးနေသောအရသာ ဖြစ်လေသည်။ မေ၏ပုံကားသည် ရှေ့တွင် အခိုးအငွေ့များသဖွယ် လိပ်၍၊ လိပ်၍ သဏ္ဍာန်ဝတ္ထုတစ်ခု ဖြစ်ပေါ်နေလိမ့်မည်။ ထိုပုံသဏ္ဍာန်သည် 'မေ' ဝတ္ထုဖြစ်၍ အရက်လို မူးပြီးလာရန်မှာ နိဒါန်းကို ကျော်၍ ရှေ့ဆက် ဝတ္ထုကို ဖတ်ဖို့ပင် ဖြစ်လေသည်။

၈၊ ၈၊ ၁၉၄၁။

mgyoe.com

m g y e o
SAMPLE BOOK

## ဒဂုန်တာရာ၏ အမှာ

### (က)

ထုတ်ဝေသူက 'မေ' ပဉ္စအကြိမ် ထုတ်ဝေခြင်းအတွက် အမှာစာ ရေးရန် ပြောလာသည်။ 'မေ'ကို ၁၉၄၁ ခု၊ ဩဂုတ်လက နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေ ဖြန့်ချိခဲ့သည်။ ၅၆ နှစ်က ဖြစ်သည်။ ယင်း ၅၆ နှစ် အတွင်း ၄ ကြိမ် ရိုက်နှိပ်ခဲ့သည်။ စန္ဒာမဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း များတွင် အပတ်စဉ် ထည့်ခဲ့သည်။

စာဖတ်ပရိသတ်က မျိုးဆက်နှစ်ဆက်အတွင်း ဖတ်ရှုကြသည်ဟု သတ်မှတ်နိုင်သည်။ 'မေ'ဝတ္ထုကို ကျောင်းသားဘဝက ရေးခဲ့ခြင်း ဖြစ်သည်။ စာဖတ်ပရိသတ်များကို ကျွန်တော် ဖြတ်သန်းခဲ့ပြီးပြီ။ 'မေ'ဝတ္ထုကို ဘာကြောင့် စာဖတ်ပရိသတ်က ဖတ်ရှုသည်ကို သိရန် ခက်လှသည်။

စာရေးသူသည် စာဖတ်ပရိသတ်အကြိုက်ကို သိရန် ခက်လှသည်ဟု ကျွန်တော် ယူဆသည်။ ကျွန်တော့်အတွက်သာ ပြောခြင်း ဖြစ်သည်။ ကျွန်တော်သည် ဝတ္ထု၊ ကဗျာများကိုလည်း ရေးခဲ့ပြီးပြီ။ ကြိုက်သူလည်း ရှိမည်။ မကြိုက်သူတို့က မဖတ်ဘဲ နေနိုင်သည်။ သို့သော် ဘာကြောင့် စာဖတ်ပရိသတ်က ကြိုက်ရသလဲ ဆိုသည်မှာ ကျွန်တော့်အတွက် ပုစ္ဆာ ဖြစ်သည်။ ကြိုက်သည်ဆိုလျှင် ကျေနပ်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK 

(ခ)

ကျွန်တော် ကျောင်းသားဘဝ စာရေးဖွဲ့စဉ်ကတော့ စာဖတ်ပရိသတ် ဆိုသည်ကို သိပ်မသိ။ စဉ်းလည်း မစဉ်းစားမိ။ ကျွန်တော်က မဂ္ဂဇင်းများ တွင်သာ ရေးခဲ့သည်။ ဒဂုန်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းနှင့် တက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်း။ မဂ္ဂဇင်းဆိုသည်က ကျွန်တော် တစ်ယောက်တည်း ရေးဖွဲ့သည် မဟုတ်။ အများ ပါသည်။ သည်တော့ မဂ္ဂဇင်း ဝယ်ယူ ဖတ် ရှုသူတို့သည် စာမျိုးစုံထဲမှ ကျွန်တော်၏ စာတစ်ပုဒ်ကို သိရှိလာသည်။ ကျွန်တော့်ပရိသတ်ဟု ပြောရန် ခက်သည်။

'မေ'ဝတ္ထုကတော့ လုံးချင်းဝတ္ထု။ ကျွန်တော့် စာဖတ်ပရိသတ်က သာလျှင် ဖတ်ရှုပေလိမ့်မည်။ စာရေးဆရာတစ်ဦး၏ စာဖတ်ပရိသတ် အကဲကို စမ်းခြင်းလည်း ဖြစ်နိုင်သည်။ 'မေ'ဝတ္ထု ထွက်ပြီးနောက် ၄ လ အကြာတွင် အာရှစစ်ကြီးဖြစ်သွားသည်။ 'မေ'ဝတ္ထု ကုန်သွားသည်ကို တော့ နဂါးနီစာအုပ်တိုက်မှ သိရှိလိုက်ရသည်။

မင်းသုဝဏ်၊ ဦးသိန်းဖေမြင့်၊ ကိုတက်တိုး၊ ဒဂုန်ခင်ခင်လေး စသော မိတ်ဆွေ စာရေးဆရာများထံမှ ထင်မြင်ချက်များ တောင်းယူ၍ နဂါးနီ ဂျာနယ်တွင်ပင် ထင်မြင်ချက်များ ပါလာခဲ့ဖူးသည်။ စာဖတ်ပရိသတ်၏ အသံကိုတော့ ကျွန်တော် ကောင်းစွာ မသိခဲ့ပေ။ သို့သော် စစ်ပြီးသောအခါ အချို့သော စာဖတ်ပရိသတ်နှင့် တွေ့သည်။

စာဖတ်ပရိသတ်မှာလည်း ကျွန်တော်တို့ မျိုးဆက်ချင်း လူငယ်များ ဖြစ်သည်ကို တွေ့ရသည်။ ၁၉၄၇ ခုနှစ်တွင် 'မေ'ဝတ္ထု ဒုတိယအကြိမ် ထွက်လာသည်။ သည်တော့ နည်းနည်းပါးပါး စာဖတ်ပရိသတ်ထံမှ လက်လှမ်းမီသလောက် သိရသည်။ ၁၉၆၀ က တတိယအကြိမ်၊ စတုတ္ထ အကြိမ်ကတော့ ၁၉၇၀ ကျော်စ ဖြစ်သည်။ စန္ဒာ မဂ္ဂဇင်းတွင်လည်း လစဉ် ပါဖူးသည်။ ယခု ပဉ္စမအကြိမ် ထုတ်ဝေရသည်။ စာဖတ်ပရိသတ် က မည်သို့ သဘောထားမည်လဲ။ ကျွန်တော် စိတ်ဝင်စားသည်။

'မေ'ဝတ္ထု ထွက်စကတော့ ကျွန်တော်၏ စာဖတ်ပရိသတ်မှာ ပထမ မျိုးဆက်ခေတ် လူငယ်များ ဖြစ်မည်ကိုတော့ မှန်းဆပြီးသားဖြစ်သည်။

လွန်ခဲ့သော ၁၀ နှစ်ခန့်က ဖြစ်မည်။ ကျွန်တော်တို့နှင့် ကျောင်း

mgyoe.com

mgyoe.com SAMPLE BOOK

နေဖက် စာပေမိတ်ဆွေ၏ ဇနီးက 'မေ'ဝတ္ထုနှင့် ပတ်သက်၍ စကားစပြော ပြီး 'ကိုငွေးမြိုင်ရယ် ... ခုခေတ် ရေးတာတွေ ကျွန်မတော့ ဖတ်မရဘူး။ ကိုငွေးမြိုင်တို့ခေတ်က စာတွေပဲ ဖတ်ရတယ်'ဟု ပြောလိုက်သည်။ သူမ ကတော့ ကျွန်တော်တို့နှင့် မျိုးဆက်တစ်ဆက်တည်း။ နောက် ဆက်လက် ကြီးလာသောအခါ ဝတ္ထုများကို ဖတ်သည်။ မည်သည့်စာပေကို ဖတ် သည်ကိုတော့ မသိ။ ကျွန်တော်လည်း မစုံစမ်း။ သို့သော် သူမ ကြိုက် သည်မှာ အနည်းဆုံးကတော့ ကျွန်တော့် စကားပြေ အရေးအဖွဲ့ ဝတ္ထု ဖြစ်နိုင်သည်ဟု ရင်ထဲက တွေးကြည့်လိုက်သည်။ စစ်ပြီးသောအခါ ကျွန် တော်တို့နှင့် မျိုးဆက်ချင်း တစ်ဆက်တည်း မိတ်ဆွေများနှင့် သိပ်မတွေ့။ တစ်ခါတစ်ရံမှသာ တွေ့ရသည်။

နောက်တွင် ဒုတိယ မျိုးဆက်၊ တတိယ မျိုးဆက်များနှင့် ကျွန် တော် အထိအတွေ့ များလာသည်။ တချို့ ကျွန်တော်၏ 'မေ'ဝတ္ထုကို ဖတ်ဖူးပုံမရ။ သိပ်မပြော။ သူတို့က ကဗျာအကြောင်း အပြောများသည်။ နိုင်ငံရေး သဘောတရားများ ပြောကြသည်။ ခေတ်ပြိုင်ခံစားမှုအကြောင်း ပြောကြသည်။ ကျွန်တော်သည် ပထမ မျိုးဆက်၊ ဒုတိယ မျိုးဆက်၊ တတိယ စာပေမျိုးဆက် ခေတ်များကို ဖြတ်သန်းခဲ့ရာ တစ်ခေတ်နှင့် တစ်ခေတ် စာပေဆန်းသစ်မှုသည် မတူကြ။

မတူတာက အရေးမကြီး။ မတူသည်မှာလည်း သဘာဝကျသည်ဟု ကျွန်တော်က ယူဆသည်။

တကယ်တော့ ကျွန်တော်သည် ဝတ္ထုများများ ရေးသူ မဟုတ်။ ဝတ္ထုတိုများတော့ အတော်လေး ရေးဖူးသည်။ လွန်ခဲ့သော ၄၊ ၅ နှစ်က တော့ ကျွန်တော့်ဝတ္ထု အတော်လေး ထွက်လာသည်။ အသစ်လည်းပါ၊ အဟောင်းလည်း ပါ။ ထုတ်ဝေသူတို့က ကျွန်တော်၏ ဝတ္ထုကို ထုတ် ဝေခြင်းကို ထောက်၍ ကျွန်တော့်တွင် ဝတ္ထုပရိသတ် ရှိသည်ဟု ခန့်မှန်း ရသည်။

## (၈)

ကျောင်းသားဘဝ စာရေးဖွဲ့စကတော့ မိမိကိုယ်ကိုယ်မိမိ မသိ။

mgyoe.com

မိမိသည် ကဗျာသမားလား၊ ဝတ္ထုသမားလား၊ စကားပြေသမားလား
ဆိုသည်ကိုပင် ကောင်းစွာ မသိ။ ယခု စာရေးသက် ၆ဝ ကျော်ပြီဆိုတော့
ကျွန်တော်၏ ရုပ်ပုံလွှာသည် ပီသ၍ လာရပေမည်။ ယခု 'မေ'ဝတ္ထု ထုတ်
ဝေသူကို ကျေးဇူးတင်ရပေမည်။ သူသည် ကျွန်တော်၏ ဝတ္ထုဖတ်
ပရိသတ်ကို ရည်မှန်း၍ ထုတ်ဝေရန် ဆုံးဖြတ်ခြင်း ဖြစ်မည်။

စာဖတ်ပရိသတ် ဆိုသည်ကလည်း သမိုင်းခေတ်နှင့်အတူပင် စီး
ဆင်းလျက် ရှိတတ်သည်။ ကျွန်တော် ကျောင်းသားဘဝက 'မေ'ဝတ္ထု
ပရိသတ်သည် ယနေ့ ကျွန်တော့် စာပေ ပရိသတ်အဖြစ် ဆက်လက်
တည်ရှိနေသေးသလား မသိ။ ထို့နောက် ကျွန်တော်သည် ဒုတိယ မျိုး
ဆက် ခေတ်သို့ ရောက်လာသည်။ ဒုတိယ မျိုးဆက်ခေတ်တွင် စာဖတ်
ပရိသတ်အသစ် တိုးလာမည်။ ယခု တတိယ မျိုးဆက် ခေတ်တွင်လည်း
အသစ်များ တိုးလာမည်။ ယင်းသို့ စီးဆင်းလျက်ရှိသော အသစ်အသစ်
စာပေပရိသတ်များကို ကျွန်တော် ဖြတ်သန်းလျက် ရှိနေသည်ကား အမှန်
ပင်။

ဒုတိယနှင့် တတိယ မျိုးဆက် ခေတ်များတွင် ဝတ္ထုများကို ရေး
ဖြစ်သည်။ သို့သော် သိပ်မများ။ ဝတ္ထုတိုကတော့ များသည်။

၁၉၄၈ ခုက 'မြိုင်'ဝတ္ထု၊ ၁၉၅၃ က 'ကြာပန်းရေစင်'၊ ၁၉၇၃ ခုက
'ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ'၊ ၁၉၈၇ ခုက 'သုနာပရန္တ'၊ ထို့
နောက် ၁၉၈၇ ခုတွင် 'စိမ်းမြဧရာ'၊ ၁၉၉၄ ခုတွင် 'စန္ဒရားဆရာ' စသော
ဝတ္ထုလတ်များ ရေးလာခဲ့သည်။ ပရိသတ်ကတော့ တစ်ခေတ်နှင့် တစ်
ခေတ် တူမည်မထင်။

၁၉၉၇ ခုတွင် လွန်ခဲ့သော အနှစ် ၅၆ ခုနှစ်က ရေးခဲ့သော 'မေ'
ဝတ္ထုကို ပြန်လည် ထုတ်ဝေလိုက်သည်။ ယနေ့ ဝတ္ထုဖတ် ပရိသတ်က
မည်သို့ တုံ့ပြန်မည်လဲ။ ဝတ္ထုဆိုသည်ကတော့ လူအကြောင်း ရေးဖွဲ့ထား
သော ရသစာပေ ဖြစ်သည်။ လူအကြောင်းရေးသော ရသစာပေကို လူက
ဖတ်ကြသည်။ ယင်း လူဆိုသည်ကလည်း သမိုင်းခေတ်များ ပြောင်းလဲ
စီးဆင်းလာသည့်အလျောက် တစ်ခေတ်နှင့်တစ်ခေတ် ခံစားမှုချင်းကတော့
ယေဘုယျအားဖြင့်တော့ မတူကြ။ ခံစားမှုဆိုသည်က လူတို့၏ မွေးရာပါ

mgyoe.com

mgyoe.com SAMPLE BOOK

ပိုင်ဆိုင်ထားသော အရည်အချင်းတစ်ခု။

အနုပညာ ခံစားမှုသည်လည်း မွေးရာပါ အရည်အချင်းတစ်ခု။ ယနေ့ 'မေ'ဝတ္ထု၏ ခံစားမှု အဖွဲ့အနွဲ့ အနုပညာကို ယနေ့ စာပေ ပရိသတ်က မည်သို့ တုံ့ပြန်မည်လဲ။ ကျွန်တော် မသိ။ သို့သော် ဝတ္ထု ထွက်လာသော အခါတွင်ကား သိရပေမည်။

ရသခံစားမှု၊ အနုပညာခံစားမှုသည် တစ်သမတ်တည်း ရှိနေသည် မဟုတ်။ သမိုင်းခေတ်များ ပြောင်းလဲသည့်အလျောက် မျိုးဆက်များတွင် လည်း ခံစားမှု ပြောလဲတတ်သလောဟု တွေးမိသည်။

အနုပညာဆိုသည်မှာလည်း အခြား မဟုတ်။ စာပေတွင်ဖြစ်စေ၊ ဂီတတွင်ဖြစ်စေ၊ သဘင်ပြဇာတ် ရုပ်ရှင်တွင်ဖြစ်စေ ပြောင်းလဲတတ်သည် မဟုတ်ပါလား။ မျိုးဆက်တစ်ခေတ်က တင်တင်မြ၏ ခံစားမှုတေးသံကို နှစ်သက် စွဲလမ်းသော်လည်း ယနေ့ လူငယ်ပေါက်စများသည် ဇော်ဝင်း ထွဋ်၏ တေးသံကို နှစ်သက် စွဲလမ်းကြသည်။ သူတို့သည် တင်တင်မြ ခေတ်ကို မီချင်မှမီမည်။ ကျွန်တော်ကတော့ မျိုးဆက်ခေတ်များကို ဖြတ် သန်းခဲ့သူဖြစ်၍ အားလုံးကို သတိထားမိသည်။

အနုပညာဆိုသည်က မိမိ၏ခံစားမှုကို ဖွင့်ဟ ဖော်ပြသော အနု ပညာ ပုံသဏ္ဌာန်၊ ခံစားမှုပုံသဏ္ဌာန်။ သည်တော့ ခံစားမှု ဖော်ပြသည် ကို ပရိသတ်က ခံစားကြသည်။ တင်တင်မြက သူမ၏ခံစားမှုကို ဖြေ လျှော့ချသည်။ ဇော်ဝင်းထွဋ်က ပေါက်ကွဲမှုဖြင့် ဖော်ပြသည်။

ယနေ့တွင် မင်းမင်းလတ် ခေတ်မှစ၍ ပေါက်ကွဲမှုတေးသံကို နှစ် သက် စွဲလမ်းကြသော ဆယ်ကျော်သက် လူငယ်များ အများအပြားကို တွေ့နိုင်သည်။ ထို့ကြောင့်ပင်လျှင် တိပ်ခွေများ သိန်းနှင့်ချီ၍ ပြန့်ပွားနေ သည်ကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

'ဖြေလျှော့ချ ခံစားမှုနှင့် ပေါက်ကွဲမှုဟန်'

ဒါကတော့ သဘာဝကျသည်ဟု ဆိုနိုင်သည်။ အနုပညာသည် ကလည်း ပြောင်းလဲသည့် သဘော။ ကျွန်တော်ကတော့ အားလုံးကို ခံစားရသည်။ ဖြေလျှော့ချကိုလည်း ခံစား၊ ပေါက်ကွဲမှုကိုလည်း ခံစား။ ကျွန်တော်က ပန်းတိုင်းပွင့်စေသမား။

mgyoe.com

mgyoe.com SAMPLE BOOK 

စာပေလည်း ထို့အတူပင်။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိ၏ စာပေ ပရိသတ်ကို သိအောင် ကြိုးစားရသည်။ လွယ်တော့ သိပ်မလွယ်။ ပရိသတ်က သူတို့၏ တုံ့ပြန်မှုကို ပြောပြသည် မဟုတ်။ ဝေဖန်ရေးဆရာ တို့ကသာ ဖော်ပြတတ်သည်။ လွန်ခဲ့သော အနှစ် ၅၆ နှစ်က ရေးဖွဲ့ခဲ့ သော ဝတ္ထုကို ယနေ့ စာပေ ပရိသတ်သည် မည်သို့ တုံ့ပြန်မည်လဲ။

၂၇၊ ၇၊ ၁၉၉၇
ကလော။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



(၁)

လေနုအေးသည် တနွဲ့နွဲ့ နှော့နေဆဲကို ...။

ဆရာဖြစ်သင်ကောလိပ် ကျောင်းဝင်း အတွင်းရှိ မြင့်မားလှသော မန်ကျည်းပင်၊ ပိတောက်ပင်၊ မရန်းပင်များသည် လေအယဉ်တွင် တသွင်သွင် လှုပ်ရှားလျက် ရှိလေသည်။ အမြင့်ဝယ် သစ်ရွက်သစ်ကိုင်းများ အကြားကို ဖေ့၍ လေခတ်သဖြင့် တရှီရှီ မြည်နေလေသည်။ စောစောက နှင်းတွေ တမှုန်မှုန် ကျထားသဖြင့် ငွမ်းဆိုင်များလို အဆုပ်လိုက် အခဲလိုက် အိနေသော နှင်းပွင့်များမှာ သစ်ကိုင်း အခက်အလက်ဝယ် တွဲလွဲခိုကာ နောက်ဘက် အင်းလျားလမ်းဆီမှ ထိုးလာသော နေရောင်ခြည်ဦးဝယ် ငွေသွေး အလှကို ရွှေရေးပြနေကြလေသည်။ အမှန်မှာ နှင်းများသည် နွေဦးမယ်ကို ကြိုဆို၍ ဆောင်းကို နှုတ်ဆက် ကန်တော့သော နှင်းကြွင်းများ ဖြစ်ကြလေသည်။

ထုကြီးထည်ကြီးနှင့် ခံ့ခံ့ရန့်ရန့် ရှိနေသော ကျောင်းအဆောက်အအုံများမှာ ကောင်းကင်အပြာကို နောက်ကျောခံလျက် ဝင်ဒါမီယာဘက် စိမ်းစိမ်းညိုသော တောရိပ်တောင်ရိပ်မှ အထင်းသား၊ အကွင်းသား ပေါ်နေလေသည်။ ပြည်လမ်းမကြီးပေါ်မှ လော်ရီများ၊ ကားများ၊ ဘတ်စ်များ စသော ရထားယာဉ်တို့ ဝေါခနဲ ဝေါခနဲ တရိပ်ရိပ် ဖြတ်သွားကြသော်

mgyoe.com

mgyoe.com SAMPLE.BOOK

လည်း ဆရာဖြစ်သင်ကောလိပ် ကျောင်းကြီးမှုကား နေမြဲ နေမြဲပင် တည်ရှိလျက် ပကတိ တည်ငြိမ်သော ဣန္ဒြေသမာပတ် ဝင်ကာ ရံဖန်ရံခါမျှသာ ပြောင်းလဲမှု၏ ပဲ့တင်သံ ဖော့လာလေသည်။

နှင်းနုနုဝယ် အားလုံးသော သစ်ပင်ဟူသမျှသည် ကြော့ကြော့ဝင်းနေသည်။ ပိုးသားလို တလွင်လွင် အိနေသည်။ မြဆေး ခြယ်ထားသလို စိမ်းစိမ်းစိုနေသည်။ သို့ရာတွင် ကြော့ရာ လွင်ရာ စိမ်းရာမဟုတ်သော နွေဦးပေါက်လာသဖြင့် နွေဦးပေါက် ရွှေတော်ပြေး နတ်သမီးများမှာလည်း ကချေနေကြလေသည်။ သစ်ရွက်ခြောက်များသည် လေရူး၏ စည်းဝါးချက်အတိုင်း အကိုင်းအလက်တို့မှ ဝေ့လည်ဝေ့လည်နှင့် ကြွေကျကာ မြေပေါ်တွင် နှစ်ပတ်၊ သုံးပတ် လိမ့်၍ သွားကြလေသည်။ ကျောင်းအတွင်းရှိ လမ်းငယ်ပေါ်တွင် သစ်ရွက်ခြောက်များ၊ ပန်းပွင့်အခြောက်များ ပြန့်ကျဲလျက် ရှိလေသည်။ သစ်ရွက်ခြောက်များ အပင်မှ ထွက်ခွာလာကြသော အခြင်းအရာမှာ ကျောင်းသား၊ ကျောင်းသူများအတွက် အတိတ်နိမိတ် ဖြစ်လေသည်။ အကြောင်းမှာ တစ်နှစ်ကုန်ပြန်၍ နွေကျောင်းပိတ်ရက်အတွက် နေရပ်သို့ပြန်ရန် သိပ္ပံကျောင်းကြီးမှ ထွက်ခွာကြသည့်အခါဖြစ်သောကြောင့်တည်း သစ်ပင်ကြီးငယ်များအပေါ်မှ ကျေးငှက်အပေါင်းတို့မှာ တစ်ကိုင်းမှ တစ်ကိုင်းကို ကူးကာ နှုတ်ဆက်တေးလင်္ကာကို သီဆိုလျက် ရှိကြလေသည်။

အထူးသဖြင့်ကား မိန်းကလေးကျောင်းဆောင် အရှေ့မျက်နှာစာရှိ ပန်းရုံအတွင်းမှ ပန်းများသည် သူတို့၏ ရိုးတံညွှာကို အောက်သို့ ကိုင်းညွတ်ကာ ဝတ်ရည် အစအနကလေးများ စိုစုစေလျက် နေရပ်သို့ ပြန်သွားကြမည့် ကျောင်းသူများအား အောက်မေ့နေကြဟန် ရှိလေသည်။ အချို့ ပန်းများသည် သူတို့၏ချပ်လွှာကို ကော့ရကျော့ ဖြစ်စေလျက် ဝန်စည်စလယ်များကို ကားနှင့်တင်ကာ တစ်ဦးပြီးတစ်ဦး ကျောင်းဆောင်မှ ထွက်ခွာသွားကြသော စာသင်သူများအား ငေးကြည့်နေကြသည့် အသွင်ကို ဆောင်နေကြလေသည်။ အချို့ အားငယ်သော ပန်းများသည် စာသင်သူများနှင့် ခွဲခွာရမည်ကို အောက်မေ့လွန်းလှသဖြင့် မကြည့်ရက် မမြင်ရက်ဘိအလား ပွင့်ချပ်ကားကားကြီးများနှင့် ကွယ်ကာ ပုန်း၍

mgyoe.com

mgyoe.com SAMPLE BOOK 

မျက်စိလွှဲထားကြလေသည်။ မာနကြီးသော ပန်းပွင့်များမှာ သူတို့နှင့် အလှချင်း ပြိုင်ကြသော ကျောင်းသူများ သွားကြတော့မည်ကို ကြိတ်၍ ဝမ်းသာကာ ဝတ်မှုန်လှလှကလေးများကို ဆော့ကစားကာ ပျော်၍နေကြလေသည်။

အမှန်မှာ ပန်းပွင့်ကလေးများသည် ကျောင်းဆောင်အတွင်းရှိ ကျောင်းသူများ၏အရိပ် ဖြစ်လေသည်။ ပန်းပွင့်ကလေးများ အလှရူပါရုံကို မက်သလို သူတို့လည်း အလှရူပါရုံကို မက်ကြသည်။ ပန်းပွင့်ကလေးများ အလှကြိုက်ကြသလို သူတို့လည်း အလှကြိုက်ကြသည်။ ပန်းပွင့်ကလေးများ လှဂုဏ်တိုးသလို သူတို့လည်း လှဂုဏ်တိုးကြသည်။ ပန်းပွင့်ကလေးများ မာနကြီးသလို သူတို့လည်း မာနကြီးကြသည်။ ပန်းပွင့်ကလေးများ ချစ်ဖွယ်ကောင်းကြသလို သူတို့လည်း ချစ်ဖွယ်ကောင်းကြသည်။ ပန်းပွင့်ကလေးများ အယုယခံချင်သလို သူတို့လည်း အယုယခံချင်ကြသည်။ ပန်းပွင့်ကလေးများ အားငယ်၍ အလဟဿ စိတ်များသလို သူတို့လည်း အားငယ်၍ အလဟဿ စိတ်များကြလေသည်။ ကျောင်းသူပန်း၊ ပန်းကျောင်းသူ ခြားနားခြင်းမှာ သက်ရှိနှင့် သက်မဲ့သာ ဖြစ်လေသည်။

ပန်းပွင့်ကလေး တစ်ပွင့်သည် မိန်းကလေးကျောင်းဆောင် အထက်ထပ်၊ ဝင်ဒါမီယာဘက်သို့ မျက်နှာပြုနေသော အခန်းတစ်ခန်းတွင်းရှိ မှန်တင်ခုံ၌ရပ်ကာ အလှပြင်လျက် ရှိလေသည်။ ထိုပန်းပွင့်ကလေးမှာ မခင်စီဟု ခေါ်သော သက်ရှိပန်းပွင့်ကလေး ဖြစ်လေသည်။ ခါတိုင်းကဲ့သို့ အောက်ထပ် စည့်ခန်းဆောင်မှ စန္ဒရားသံကိုလည်း မကြားရ။ ခါတိုင်းကဲ့သို့ ဓာတ်စက် သီချင်းဖွင့်သံ၊ ရေဒီယိုသံတို့မှာလည်း အပေါ်သို့ သဲ့သဲ့မျှ ပျံ့လွင့်၍မလာ။ ခါတိုင်းကဲ့သို့ ကျောင်းသူတွေ ကစားကြသော ချောက်ချောက်ချက်ချက် အသံတွေကိုလည်း နားမစွင့်မိ။ သူ့နားထဲတွင် သူငယ်ချင်းတစ်တွေ ပြန်လှန် နှုတ်ဆက်ကြသော အသံဗလံတွေကိုသာ ကြားနေရလေသည်။ သူသည် အလှပြင်ပြီးလျှင် စားပွဲပေါ်ရှိ စာအုပ်တစ်အုပ်၊ နှစ်အုပ်ကို သိမ်းဆည်းကာ ထင်းရှူးသေတ္တာထဲသို့ ထည့်လေသည်။ နောက် အပြီးမသတ်သေးသော နှုတ်ခမ်းဆိုးဆေးနှင့် နှုတ်ခမ်းကို

mgyoe.com

mgyoe.com SAMPLE BOOK

ခြယ်လှယ်နေပြန်လေသည်။ သူ၏စိတ်သည် အတည်တကျ မရှိ။ လုပ်သမျှတို့တွင်လည်း တစ်ခုပြီးတစ်ခု အစီအစဉ်နှင့် မလုပ်။ တစ်ဖန် သူသည် ပြတင်းပေါက်မှ ကျော်ကာ အပြင်သို့ ငေးနေပြန်သည်။ 'ဥသြ ... ဥသြ ...'ဟု ဥသြသည် နွေဦးကို ကြိုလေသည်။

အခန်း၏ ဇာခန်းဆီး လိုက်မွှော်ရောင်ကြားမှ မိန်းမပျို တစ်ဦး၏ သဏ္ဍာန် ပေါ်လာလေသည်။

'ဝင်ခဲ့လေ'

မိန်းမပျိုတစ်ဦး ဝင်လာသည်။ မခင်စီသည် သူ့ဆီ ပြေးလာလေသည်။

'သြော် ... မေ ပါကလား၊ နှုတ်ဆက်မလို့ လာတာလား ...'

မေသည် ခေါင်းကို ညိတ်လေသည်။ မေသည် မစင်စီကို မကြည့်၊ ပြတင်းပေါက်သို့သာ ငေးနေလေသည်။ အပြင်ဘက် ကောင်းကင်အပြာတွင် တိမ်အဖြူများ လွင့်ပါးနေသည်ကို မေ မြင်ရလေသည်။

'ဟုတ်တယ်။ စီကို နှုတ်ဆက်မလို့ လာတာ ...'

မေသည် ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။ မခင်စီသည် သူ့ဘက်သို့ လှည့်၍ ...

'ဘယ်တော့ သွားမှာလဲ'

ဟု မေး၏။

'အို ... မေတော့ သိပ်ကြောက်တာပဲ။ ခုလေးပဲ သွားရမှာ'

မေသည် ကြမ်းပြင်ကို ကြည့်ကာ ...

'ခုလေးပဲ နေရမှာ။ တော်တော်ကြာ မေ တစ်ယောက်တည်း ရှိတော့မှာပဲ'

ဟု ဆက်ပြောလေသည်။

မခင်စီမှာ ဝမ်းနည်း၍သွားကာ ...

'မေရယ် ... ဒီလို မပြောပါနဲ့ကွယ်။ ဘာမှ အားငယ်စရာ မဟုတ်ပါဘူး။ မေဟာလည်း တစ်ယောက်တည်း အဖော်မဲ့မှာ မဟုတ်ပါဘူး။ တော်ကြော မေ့ကို ခင်လာကြမှာပါ။ စီ ... မေ့သဘောကို သိပါတယ်။ မေ အခုသွားပြီး ဆရာမ လုပ်ရမယ့် အိမ်က အိမ်သူအိမ်သားအကြောင်း

mgyoe.com

ကိုတော့ မေ ဘာမှမသိဘူးပေါ့။ ဒါပေမဲ့ သူတို့ဟာ စိတ်ကောင်းရှိကြမှာပါပဲ။ မေကလည်း ဖော်ဖော်ရွေရွေဆိုတော့ သူတို့နဲ့ ခင်မင်ပြီး ပျော်နေမှာပါ။ စီ သိပါတယ်'

မေ၏မျက်လုံးများသည် အရောက်လက်၍ လာ၏။

'မေ အပေါင်းအဖော်တွေနဲ့ ခင်မင်ပြီး ပျော်နေမယ်၊ ဟုတ်လား။ မေ့အပေါ်ကို တကယ်ကောင်းတာ စီပဲ ရှိတယ်။ စီ တစ်ယောက်ပဲ မေ့ကို ကြင်နာတယ်'

'မဟုတ်သေးဘူး မေ။ မေဟာ ဘယ်သူ့ကိုမှ မုန်းတတ်တာ မဟုတ်ဘူး။ မေက အင်မတန် ချစ်တတ် ခင်တတ်တာ။ မေက စီ့လို မဟုတ်ဘူး'

'ဟုတ်ပါတယ်။ မေ သိပါတယ်။ ဒါပေမဲ့ မေနဲ့ စီနဲ့ဟာ မတူဘူး။ စီ့မှာဆိုရင် ကြင်နာတဲ့ အဖေတို့၊ ယုယတဲ့ အမေတို့၊ အလိုလိုက်တဲ့ အစ်ကိုတို့နဲ့ သိပ်နေရာကျတယ်။ မေ့မှာဆို ဘာမှမရှိဘူး။ လောကမှာ မေ တစ်ယောက်တည်းရယ်။ နောက်ပြီး ပိုက်ဆံအတွက် ဆိုရင်ကော ...'

မေသည် လက်နှစ်ဖက်ကို ပတ္တာဆက်သလို ဆက်နေ၏။

'အခုဆိုရင် လက်ထဲမှာ ငွေနှစ်ဆယ်ပဲ ရှိတယ်။ ဒါနဲ့ပဲ လောကကြီးမှာ နေရမှာ'

မခင်စီမှာ မျက်ရည်ကလေး လည်နေရှာလေသည်။ မခင်စီနှင့် မေမှာ အတော်ကလေး ချစ်ကြသည်။ သူတို့သည် အတော်ကြာ ငြိမ်သက်၍ နေကြ၏။

'မေ့လိပ်စာ ပေးပါဦး။ မေ အခုသွားပြီး ဆရာမ လုပ်ရမယ့်အိမ်လိပ်စာကို ပေးရမှာပေါ့နော်'

ဟု မေ့ကို မကြည့်ဘဲ မခင်စီက မေး၏။

'ဦးဘောမောင်၊ မြေပိုင်ရှင်နှင့် သမာဓိမြို့ဝန်၊ လိပ်ပြာကန်၊ ပဲခူးမြို့က တစ်ဆင့် မေ ဆိုရင် ရောက်မှာပေါ့'

မခင်စီသည် လိပ်စာကို ကူးယူရင်း ...

'နားထောင်လို့ အကောင်းသား'

ဟု ပြော၏။

'အို ... မေတော့ ပျော်မှာ မဟုတ်ဘူး။ အရှင်လတ်လတ် မြေမြှုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ခံရမလို နေမှာပဲ'

ဟု ပြောပြီး မေ၏ မျက်လုံးများသည် တောက်ပြောင်၍ လာပြန်သည်။

'မေကလည်းကွာ ... ဒါချည်း ထပ်ထပ်ပြောနေတာပဲ။ အဆောင်မှူး ဒေါ်သက်တင်ကို ပဲခူးမှာ ဆရာမ လုပ်မယ့်အကြောင်း ပြောသေးလား'

ဟု မခင်စီက အိပ်ရာလိပ်ကို လက်နှင့်ပုတ်ကာ ဖုန်ခါရင်း မေး၏။

'ပြောတယ်။ ဒေါ်သက်တင်နဲ့ ဦးသာမောင် ဇနီးနဲ့ သိကြတယ်တဲ့။ မေက တစ်မျိုး ... စီရဲ့။ မိန်းမတွေကို အားကြီး မုန်းတယ်။ ရွံ့တယ်။ စီနဲ့ မေနဲ့ မေတ္တာနှောင်ကြိုးကတော့ ဘယ်တော့မှ မပြတ်ဘူး'

မေ၏ မျက်နှာပုံပန်းသည် မကြည်လင်သော အသွင်ကို ဆောင်နေ၏။ သူတို့သည် ခွဲရမှာ ဝမ်းနည်းနေကြ၏။

'စီကော ... မြို့ထဲ ဘယ်တော့ ပြောင်းမလဲ'

ဟု မေက မေး၏။ မခင်စီမှာ ရန်ကုန်မြို့ထဲ ကန်တော်ကြီးအနီး ပတ်လမ်းတွင် နေ၏။ သို့ရာတွင် ကျောင်းဆောင်မှ ကျောင်းတက်၏။

'ညနေ အိမ်ကကား လာခေါ်မယ်'

သူတို့သည် စကားရပ်သွားကြပြန်၏။ အတော်ကြာမှ ခွဲရန် တော်ပြီဟု အောက်မေ့သဖြင့် မခင်စီ၏ လက်ကို ဆုပ်ကာ 'ကဲ ... မေ သွားတော့မယ်နော်။ နှုတ်ဆက်တာပဲ'ဟု မျက်ရည်စနှင့် ပြုံး၍ ဆိုလေသည်။

မခင်စီသည် မေ့နားသို့ ကပ်လာကာ ခေါင်းကို အသာညိတ်လေသည်။ နောက် သူတို့သည် တစ်ယောက်ကိုတစ်ယောက် ဖက်ကာ နမ်းကြလေသည်။

'စီ ... မေ့ကို ဘယ်တော့မှ မမေ့ဘူး'ဟူ၍သာ မခင်စီက ပြန်ပြောနိုင်အားသည်။ စကားဆုံးလျှင် မေသည် သူ့အား ပြန်မကြည့်ဘဲ တစ်ခါတည်း အခန်းထဲမှ ထွက်သွားလေသည်။ မခင်စီမှာ တံခါးပေါက်ကို မှီရင်း ကော်ရစ်ဒါအချိုးတွင် ကွယ်သွားသော မေ့ကို ငေးကြည့်ကာ တစ်ချက် ရှိုက်လိုက်သည်။ သူ၏ရှိုက်သံမှာ မေတ္တာစောင်းကြိုးကို တီးခတ်မိသောအသံ ဖြစ်လေသည်။

မေမှာ တစ်ကောင်ကြွက် ဖြစ်လေသည်။ ငယ်စဉ်ကတည်းက သူ့

mgyoe.com

အမေ ဆုံး၍ သူ့အဖေ လက်ထဲတွင် ကြီးပြင်းလာရသည်။ သူ့အမေမှာ ကချေသည်ဖြစ်၍ အဖေမှာ စန္ဒရားဆရာ ဖြစ်လေသည်။ သူ့အဖေသည် ဂုဏ်သရေရှိ သားသမီးများကို စန္ဒရား အတီးသင်ပေးရသော အခငွေဖြင့် သမီးကို စောင့်ရှောက်ရလေသည်။ ထိုအခါက ဂုဏ်သရေရှိ သားသမီး များမှာ စန္ဒရားတီးတတ်မှ ဂုဏ်ရှိသည် ထင်မှတ်သောကာလ ဖြစ်လေရာ ဝင်ငွေ အတော်ဟန်ကျသဖြင့် သမီးကို ရန်ကုန် ဒိုင်အို မိန်းကလေးကျောင်း တွင် ကျောင်းအိပ်ကျောင်းစား ထားနိုင်လေသည်။ သူ့အဖေ၏သဘောမှာ သူ့သမီးကို အမေလိုလည်း အက မကောင်းစေချင်၊ သူ့လိုလည်း စန္ဒရား မတော်စေချင်။ လောကအလယ်တွင် တင့်တယ်စွာသာ နေစေချင်သည်။ သို့ရာတွင် မေမှာ စန္ဒရား ကောင်းကောင်း တီးတတ်လေသည်။ ၁၀ တန်း အောင်သောအခါ သူ့အဖေက ဆရာဖြစ်သင်ကောလိပ် ကျောင်းတွင် နေ စေလေသည်။ ဆရာဖြစ် လက်မှတ်ရလျှင် ဆရာမ လုပ်၍ သူ့ဘဝကို ခရီးသွားရန် ဖြစ်လေသည်။ သို့ရာတွင် သူ့အဖေမှာ မေ ကောလိပ်ရောက် သည့် ပထမနှစ်ကပင် ဆုံးသွားလေရာ မေမှာ လောကကြီးအလယ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ သူ့အဖေ ထားသွားခဲ့သော ငွေ မှာ ဒုတိယနှစ် စာသင်ချိန်နှစ် အပြီးအထိသာ ခံလေသည်။ စာမေးပွဲတွေ ပြီး၍ ကျောင်းပိတ်သည့်အခါ မေ့လက်ထဲတွင် ငွေနှစ်ဆယ်ကျော်ကျော် သာ ကျန်ရစ်လေသည်။ ကံအားလျော်စွာ ပဲခူးမြို့ မြေပိုင်ရှင် ဦးဘေမောင် ၏ သမီးနှစ်ယောက်ကို အင်္ဂလိပ်စာသင်ပေးရန်နှင့် စန္ဒရာသင်ပေးရန် ဆရာမ အလုပ်ရလေရာ ယခု ကျောင်းပိတ်ပိတ်ချင်း ပဲခူးသို့ အလုပ်ဝင် ရတော့မည်။

မေသည် သူ့အခန်းထဲ ရောက်လျှင် ရောက်ချင်း အိပ်ရာလိပ်၊ သေတ္တာ စသည်ကို အပြီးအစီး တုပ်နှောင်နေလေသည်။ သားရေသေတ္တာ ကိုမူ မပိတ်သေးဘဲ စားပွဲပေါ် တချို့၊ အံဆွဲပေါ် တချို့ ကျန်နေသော ပစ္စည်းကလေးများကို သိမ်းဆည်းနေ၏။ အံဆွဲထဲမှ ဖဲပွင့်အစိမ်းနုကလေး လည်ပင်းစီး၍ သံက္ကလတ်နှင့် လုပ်ထားသော ကြောင်နက်ရုပ်ကလေးကို ယူကာ သေတ္တာထဲသို့ ထည့်လေသည်။ သူသည် ကြောင်များကို အလွန် ချစ်၏။ ကြောင်များသည် သူ့ကို ဘယ်တော့မှ မကုတ်ကြ။ သူ့ပေါင်ပေါ်

mgyoe.com SAMPLE BOOK

တွင် လာထိုင်ကာ ချစ်ဖွယ် ဂီတသံ ငြိမ့်ငြိမ့်ကလေးနှင့် ချွဲနွဲ့နေတတ်ကြ၏။ နောက်ဆုံးတွင် မေသည် သူ့ကို ပိုးနေသော ပန်းချီဆရာတစ်ဦး ပုံတူရေးဆွဲပေးသော ပုံကားကို စားပွဲမှယူကာ ကြည့်လေသည်။ ပန်းချီဆရာပျို့မှာ မေ့အား မြတ်နိုးသမျှ၊ ချစ်သမျှအရာကို ပန်းချီဆေးပေါ်တွင် အနုပညာဖြင့် ခြယ်မှုန်း သ,ထားဟန် တူလေသည်။ မေသည် ပုံကားကို ကြည့်၍ ပြုံးကာ သေတ္တာထဲသို့ ထည့်လိုက်လေသည်။ သိမ်းဆည်း၍ ပြီးလေပြီ။ အိပ်ရာလိပ်၊ စာအုပ်သေတ္တာ၊ သားရေသေတ္တာတို့ကို စည်း၍ ထားပြီးလေပြီ။

မေသည် အဆောင်မှူး ဆရာမကြီး ဒေါ်သက်သက်ကို နှုတ်ဆက်ရန် အောက်ထပ်သို့ ဆင်းသွားလေသည်။ ဆရာမကြီးမှာ သူ့ရုံးခန်းတွင် စာရင်းတစ်ခုကို ကြည့်လျက် ရှိလေသည်။ မေ သူ့အခန်းထဲသို့ ဝင်လာလျှင် ဆရာမကြီးသည် မော့ကြည့်လေသည်။

'သြော် ... မေပါကလား'

'ကျွန်မ ဆရာမကြီးကို နှုတ်ဆက်ဖို့ လာပါတယ်'

ဟု မေက ဖြေ၏။

'အေးအေး ... တစ်ခါတည်း ပဲခူးသွားရမှာပဲ မဟုတ်လား'

'အေး ... ဇေဇက်ကိုတော့ ဟိုကပဲ သတင်းစာထဲမှာ ကြည့်ပေါ့။ အောင်ပါလိမ့်မယ်ကွယ် ... အောင်ပါတယ်'

မေသည် နောက်ထပ် ပြောရန်မရှိသဖြင့် အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းလေသည်။

'ဟေး ... ခဏ လာပါဦးကွယ်'

ဟု ဆရာမကြီးက ထပ်ခေါ်သဖြင့် မေသည် ပြန်လာရပြန်လေသည်။

'ဒီစာကို ဦးဘမောင်ဇနီး ဒေါ်ငြိမ်းခင်ကို ပေးထားပေါ့။ မင့်အတွက် ထောက်ခံစာပဲ။ အေးအေး ... နောက်ကို ကြီးပွားဖို့ ဆရာမကြီး ဆုတောင်းပါတယ်'

ဟု ပြောကာ မေ့လက်ထဲသို့ စာအိတ်တစ်ခု ထည့်လေသည်။ ဆရာမကြီးသည် ပြောရန် ပြီး၍ မေ့ဘက်သို့ ကျောပေးစဉ် မေလည်း ထွက်လာခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK 

မေသည် သူ့အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ပထမ ပြုလုပ်သော အရာမှာ ဆရာမကြီး၏စာကို အသာ ခဲတံနှင့် နေရာမပျက်အောင် ဖွင့်ဖောက်၍ ဖတ်ခြင်း ဖြစ်လေသည်။

ဆရာဖြစ်သင်ကောလိပ်ကျောင်း
ပြည်လမ်း၊ ရန်ကုန်။

*ချစ်သော မငြိမ်းခင် ...*

*မေ့အား မငြိမ်းခင်တို့အိမ်အတွက် ဆရာမ လုပ်ရန် ကျွန်မက မိတ်ဆက်ပေးသည်။ ကိစ္စမှာ တာဝန်ရှိသလောက်တော့ ရှိသည်ကို ကျွန်မကို သိပါသည်။ ကျွန်မ တစ်ခု ထောက်ခံချင်တာကတော့ မေဟာ မငြိမ်းခင်တို့ ဆန္ဒအတိုင်းသာ မဖြစ်ဘူး ထင်ရင် အခုလို မေ့အတွက် စာရေးပေးမှာ မဟုတ်ဘူး။*

*ကျောင်းဆောင်မှာ ကျွန်မ မေနဲ့ အခန့်မသင့်တာ တွေ့ရပေမဲ့ သူ့သဘော သကာယမှာ ကြီးလေးတဲ့အပြစ်တော့ မမြင်မိဘူး။ နောက်ပြီး ကျွန်မ ဝန်ခံရမှာက မေဟာ ဉာဏ်ပါးတဲ့ ကျောင်းသူ တစ်ဦးတဲ့။ ပညာဘက်မှာ တော်ပါတယ်။ သူ အင်္ဂလိပ်စကားကို နားထောင်ကောင်းလောက်အောင် ပြောတတ်တယ်။ ဒိုင်အိုဆီစင်ကျောင်းထွက်ဆိုတော့ သွက်တာပေါ့။ 'မေ'ဆိုတဲ့ နာမည်ဟာလည်း ဗမာနာမည်မှ မဟုတ်ဘဲ။ အင်္ဂလိပ်နာမည် May ပဲ။ ပညာအရည်အချင်းနဲ့ ပတ်သက်လို့တော့ ဆိုစရာ တစ်ကွက် မရှိပါဘူး။*

*စန္ဒရားတီး အလွန်ကောင်းတယ်။ မြန်မာ သီချင်းသံကြီး သီချင်းခံကို ကျကျနန ကျွမ်းကျင်တယ်။ အထူးသဖြင့် ပတ်ပျိုးကို နိုင်တယ်။ အင်္ဂလိပ်သီချင်း အတန်အသင့် တတ်တယ်။ ဂီတဘက်မှာ အရွယ်နဲ့မလိုက်အောင် တော်ပါတယ်။*

*ပထမ သူ့ကို စတွေ့ခါစတော့ ပေါ်ကြော့မိန်းကလေးလို့ ထင်မလား မပြောတတ်ဘူး။*

*ဒါပေမဲ့ အရေလည်လာတဲ့အခါမှာ ဒီလောက် မဆိုးဘူးဆိုတာ တွေ့ရပါလိမ့်မယ်။*

mgyoe.com

mgyoe.com SAMPLE BOOK

*မငြိမ်းခင်တို့ အိမ်သားအားလုံး သမီးနှစ်ယောက်ပါ ကျန်းကျန်းမာမာ ရှိကြလိမ့်လို့ ယုံကြည်ပါတယ်။ ဆုလည်း ဆုတောင်းနေပါတယ်။*

*သြော် ... တစ်ခု မေ့နေတယ်။ မေဟာ ကြောင်တွေကို အင်မတန် ချစ်တတ်တယ်။ ချစ်တာမှ လွန်လွန်ကဲကဲ ချစ်တယ်။*

*ခင်သက်တင်*

မေသည် စာကို အပြန်အလှန် ဖတ်ပြီး လက်ပေါ်တွင် မေးတင်လျက် အတန်ကြာ ငေးနေလေသည်။ နောက် သူသည် တစ်ချက် ရယ်ကာ စာကို အစုတ်စုတ် အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲကာ အောက်သို့ လွှင့်ပစ်လိုက်၏။ စက္ကူအပိုင်းအစများသည် ရှာန်ယဉ်သက်ကာ သစ်ရွက်ခြောက်များနှင့်အတူ ရောလျက် ရှိလေသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK 

(၂)

ထိုညနေ၌ ဦးဘေမောင်သည် ပျံ့ပျံ့ပြူးသော လမ်းကလေးပေါ်တွင် အညောင်းပြေ လမ်းလျှောက်၍ နေလေသည်။

သူသည် ဘုရားလူကြီးတစ်ဦး ဖြစ်လေသည်။ အနောက်ဘက်သစ်ပင်ရိပ်ကြားမှ ဖြာ၍လာသော ရွှေရောင်ခြည်သည် သူ၏ စိမ်းသောခေါင်းတုံးကို ပြောင်စေလေသည်။ နွေအခါဖြစ်လေရာ အပူရှိန်ငွေ့သည် နေစောင်းသည့်တိုင်အောင် ပျံ့လွင့်လျက်ရှိသဖြင့် အိုက်စေရာ၊ သူသည် အိတ်ထဲမှ ပဝါဖြူကို ထုတ်ကာ မျက်နှာမှ ချွေးများကို သုတ်၏။ လက်ကိုင်ပဝါ နှိုက်ရာ၌ အိတ်ထဲတွင် ဆေးပြင်းလိပ်ကိုပါ စမ်းမိသဖြင့် ဆေးလိပ် သောက်ချင်သောစိတ်ပါ ပေါ်လာ၏။ သူသည် ဆေးလိပ်ကို မီးခြစ်နှင့်အတူ ထုတ်ဆဲ တူရူမှ သူ့ဆီသို့ လာနေသော ဆိုင်ပိုင်ရှင် တရုတ်၏ မိန်းမ မကျင်မယ်ကို မြင်ရလေသည်။ သူသည် မမြင်ဟန်ပြုကာ ဆေးလိပ်ကို အိတ်ထဲသို့ ပြန်ထည့်လျက် လမ်းဘေးရှိ စံကားဝါပန်းရုံဘက်ကို စိတ်ဝင်စား၍နေလေသည်။ စံကားဝါပွင့်ကား ဖုန်ထူသော လမ်းဆားဝယ် ရွှေအိုရောင် တောက်နေကြ၏။

မကျင်မယ်သည် သူ့အနားသို့ ရောက်လျှင် ...

'ဩော် ... ဦးဘေမောင်၊ လမ်းလျှောက်မှတ်တယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ဟု သူ့ကို နှုတ်ဆက်လေသည်။

သူသည် စကားဝါရုံမှ ခွာကာ သူမဘက်သို့ လှည့်၍ 'မကျင်မယ် ပါကလား'ဟု ပြန်၍ နှုတ်ဆက်လေသည်။ သူနှင့် လမ်းလျှောက်တိုင်း ဆုံတတ်သည်။

'ညနေက သိပ်လှတာပဲ။ တော်တော် လှတာပဲ'

သူသည် ပြောပြီးလျှင် စကားရပ်သွား၏။ နောက်ထပ် ဆက်ရန် စကားလုံး ရှာမတွေ့။

'ဟုတ်တယ် မဟုတ်လား မကျင်မယ်'

'ဟုတ်ကဲ့ပါရှင် ... လှပါတယ်။ မနက်ခင်းမှာလည်း ညနေလို လှတာပါပဲ'

စကား ပြတ်သွားကြ၏။ ဦးဘေမောင်သည် အိတ်ထဲမှ ဆေးလိပ်ကို ထုတ်ကာ မီးညှိလေသည်။ သူ့သဘောမှာ မကျင်မယ် ပြန်စေချင်၏။ သို့ရာတွင် ရပ်မြဲ ရပ်နေလေသည်။

'မကျင်မယ်တို့ ဆိုင်မှာကော အတော်ရောင်းကောင်းတယ် မှတ်တယ်'

သူသည် တုတ်ကောင်းကို ဖွေ့ရင်း မေးလိုက်၏။

'ကောင်းလှပါတယ်လို့ မဟုတ်ပါဘူးရှင်။ ဘီယာကတော့ ရောင်းကောင်းပါရဲ့။ နေ့တိုင်းလိုပဲ တွင်ပါတယ်။ ဦးဘေမောင်တို့လို သူဌေးတွေက အားပေးမှပေါ့ရှင်'

'ဟာ ... ကျုပ် မသောက်တတ်ပါကလား'

'ဟုတ်တယ်လေ။ ဘီယာတော့ ဘယ်သောက်မလဲ။ ဘရန်ဒီတော့ ကြိုက်တယ် မဟုတ်လား'

ဟု မကျင်မယ်က ပြုံးကာ မေးလေသည်။ ဦးဘေမောင်သည် ဘရန်ဒီကို သူ့ယောက်ျား တရုတ်ထံမှ ဝယ်သည်ကို သူ သိလေသည်။ ဦးဘေမောင်မှာလည်း မသောက်ဟု ငြင်းမည် မဟုတ်ပေ။

'ဘရန်ဒီဆိုလို့ဗျာ ... အိမ်မှာတောင် အခု ကုန်နေပြီ။ ဒါဇင်ဝက် လောက်တော့ လိုချင်တယ်'

နောက်ဆုံး ဦးဘေမောင်က ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK 

'ဟုတ်ကဲ့ရှင်၊ မနက်ဖြန်တော့ အိမ်ကို အပို့လွှတ်လိုက်ပါ့မယ်'

ဟု မကျင်မယ်က ကိုယ်ကို အနည်းငယ်ကျို့၍ ယဉ်ကျေးစွာ ပြောလေသည်။

'ဟုတ်တယ်ဗျ။ နေမကောင်းရင် ဘရန်ဒီက အင်မတန်မှ နေရာကျတယ်။ တလောကလေးကလည်း မငြိမ်းခင် မမာလို့ ဒီဘရန်ဒီပဲ တိုက်ရတာပဲ။ တကယ်ဆိုတော့ ဘရန်ဒီဟာ အားဆေးတစ်မျိုးပဲ။ လူကို အားပြည့်ပြီး ရွှင်လန်းစေတယ်။ အထူးသဖြင့် ငှက်ဖျား အင်မတန် ကောင်းတယ်။ ကျုပ်ကလည်း ငှက်ဖျားသမားဆိုတော့ ဘရန်ဒီနဲ့ တည့်တာပေါ့'

'ဟုတ်တယ်။ ငှက်ဖျားတော့ ကောင်းတယ်'

ဟု မကျင်မယ်က ထောက်ခံ၏။

'ဒါပေမဲ့ ... အခုလို လှပသာယာတဲ့ ညနေခင်းများမှာ ဘယ်ဖျားပါ့မလဲ။ အခုလို ပန်းတွေနဲ့ဆိုရင် ...'

သူသည် စံကားဝါပွင့်များ ရှိရာသို့ လက်ကို ညွှန်ပြလေသည်။ စံကားဝါပန်းများမှာ လန်းလန်းကြီး ပွင့်နေကြသည်။ သူ ပြောသည်ကို မကျင်မယ်ကလည်း သဘောတူသည်။

'မလှလားဗျာ ... ပန်းတွေ'

မှန်ပါသည်။ ပန်းအလှတွေကို မြင်ပါသည်။

'မမွှေးလားဗျာ ... ပန်းရနံ့တွေက'

မှန်ပါသည်။ ရနံ့မွှေးတွေ ကြိုင်နေပါသည်။

'ဒီတော့ မသာယာဘူးလားဗျာ'

မကျင်မယ်သည် စံကားဝါပန်း၏ အလှအပတွေကို သူ တတ်နိုင်သလောက် မြင်အောင် ကြည့်လေသည်။

'ဒီတော့ ဒီလို သာယာမှုတွေ ပေးနေတဲ့၊ အလှတန်ဆာ ဆင်နေတဲ့ အရာတွေကို ကျေးဇူးတင်ရမှာပေါ့။ ဒီစံကားဝါပန်းရုံ၊ ဟောဟိုဘက်က လယ်ကွင်းကြီး၊ ဟိုဘက်က တောရိပ်တောင်ရိပ်ကလေး'

သူ၏မျက်စိသည် လမ်းပေါ်သို့ ရောက်သွားလေသည်။

'နောက်ပြီး ... ဟောဒီ ဖြူးနေတဲ့ လမ်းမကြီးကိုရောပေါ့။ လမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ကိုလည်း ကျုပ်တို့ ကျေးဇူးတင်ရမှာပေါ့'

မကျင်မယ်သည် ဒီညအဖို့ လမ်းကို ကျေးဇူးတင်ပြီးလျှင် ဦးဘောမောင်ကို နှုတ်ဆက်၍ ဆက်လက် ထွက်သွားလေသည်။ သူတို့ ကျေးဇူးတင်ကြသော လမ်းမှာ ပြန့်ပြူး၍ ချိုင့်ခွက် အဖုအထစ် မရှိ ညီညာ ဖြူဖွေးသော လမ်းကလေး ဖြစ်ပါသည်။

ဦးဘောမောင်အဖို့ကား ဆိုင်သွား၍ မမှာကြားရဘဲ ဘရန်ဒီပုလင်းများ မနက်ဖြန် ရောက်လာမည်ဖြစ်၍ ကျေနပ်ကာ သူ့အိမ်ဘက်သို့ ဆက်လက် လမ်းလျှောက်သွားလေသည်။ အလင်းရောင်မှာ အားနည်းစ ပြုလေပြီ။ ငှက်တော်ပုစဉ်းတို့လည်း 'ကျီ ... ကျီ ... ကျီ ...' အော်ကာ အမှောင်လွှမ်းနေသော လယ်ကွင်းဘက်ဆီသို့ ပျံသွားကြလေသည်။ လေမှာ အနည်းငယ် နွေးလျက် ပန်းပေါင်းစုံရနံ့ဖြင့် မွှေးလှိုင်နေလေသည်။ ခပ်လှမ်းလှမ်း လယ်ကွင်းဆီမှ ရိုးပြတ်တို့ အနံ့မှာလည်း သင်း၏။

သူသည် အခုမှ သတိရကာ စောစောက အိတ်ထဲ ထည့်ထားသော ဆေးပြင်းလိပ်ကို ထုတ်ကာ မီးညှိ၍ ဖွာနေလေသည်။ သူသည် မီးခြစ်ပြီး၍ မီးခြစ်ဆံကို လွှင့်ပစ်လိုက်စဉ် အဝေးမှ သူ့အိမ်ဆီသို့ လာနေသော ကားတစ်စင်းကို သူ မြင်လေသည်။

ကားမှာ အငှားမော်တော်ကားဖြစ်၍ အတွင်း၌ မိန်းမပျိုတစ်ယောက်ပါသွားလေသည်။ ဆရာမအသစ်ကလေး မေပင် ဖြစ်ဟန်တူသည်။ သူသည် ကားကို စိတ်ဝင်စားစွာ ကြည့်လေသည်။ ကားကိုရပ်၍ မေ့ကိုနှုတ်ဆက်ရလျှင် နေရာကျမည်။ မေ့ကို ညနေခင်း အလှအပအကြောင်း ညွှန်ပြလိုက်နိုင်မည်။ သို့မဟုတ် အိမ်ကျမှပင် အေးအေးဆေးဆေး တွေ့ရမည်လား။ သူသည် နောက်ဆုံးအကြံကို ပို၍ နှစ်သက်လေသည်။ သူသည် သူ့အပါးမှ ကားဖြတ်မောင်းသွားသည်ကို အလျှဉ်း ဂရုမစိုက်ဘဲ ဆက်၍ လမ်းလျှောက်သွား၏။ သို့ရာတွင် ညနေခင်း ဝင်ဆဲ နေရောင်ခြည်ထက်ပင် ဝင်းလက်ရွှန်းတင့်သော မေ၏ ဆံပင်များကို သတိထားမိလေသည်။

သူ့အိမ်တွင်းသို့ ရောက်သည့်အခါ အတော်မှောင်နေပြီဖြစ်၍ မီးများ ထွန်းထားပြီး ဖြစ်လေသည်။ ဆင်ဝင်ဝ ဧည့်ခန်းတွင် သူ့ဇနီး ဒေါ်

mgyoe.com

mgyoe.com SAMPLE BOOK 

ငြိမ်းခင်ကို တွေ့၏။ ဇနီးသည်မှာ မျက်နှာထား တင်း၍ အစစ အရာရာ ဩဇာပေးတတ်၏။ တွင်တွင်ကျယ်ကျယ် စီမံအုပ်ချုပ်တတ်၏။ လင်သည် ပျော့၍ ချိုသလောက် ဇနီးသည်မှာ မာ၍ တည်လေသည်။

ဦးဘေမောင် အိပ်ရာလိပ်၊ သားရေသေတ္တာတို့ကို တွေ့၍ ...

'ဟော့ ... မငြိမ်း၊ ဒါ ဘယ်သူ့ပစ္စည်းတွေလဲ'

ဟု အံ့အားသင့်သလို မေး၏။

'မေ အခုပဲ ရောက်တယ်'

ဟု ဒေါ်ငြိမ်းခင်က အေးဆေးစွာ ဖြေ၏။

'မေ ... မေ ...'

သူသည် နာမည်ကို စဉ်းစားနေလေသည်။

'ဒီက ခေါ်ထားတဲ့ ဆရာမကလေးလေ။ အခုပဲ ရန်ကုန်က ရောက်လာတာကိုး။ မောင်နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ။ လမ်းမှာ သူ့ကားနဲ့ မတွေ့ခဲ့ဘူးလား'

'ဟုတ်လား၊ မသိပါဘူးကွယ်။ ညနေခင်းက သိပ်သာယာနေတော့ ဘယ်ဟာမှ သတိမရပါဘူး'

ဟု ပြောကာ သူ့နှာခေါင်းထဲတွင် စံကားဝါပန်းရနံ့တွေ မွှေးလာသည်ဟု မှတ်ထင်လေသည်။

'ဟုတ်တယ်၊ ညနေခင်းက သိပ်သာယာတာ။ နှင်းတောင် လမ်းလျှောက် ထွက်မလို့ဟာ။ နောက်တော့ ဆရာမကလေး ရောက်တာ မသိမှာ စိုးတာနဲ့ ...'

'ဆရာမကလေးက ဘယ့်နှယ်လဲ ...'

'သဘောကောင်းပုံ ရပါတယ်။ ကလေးမက ရုပ်ရည်သနားကမားမျက်လုံးပြူကလေးနဲ့ ချစ်စရာ'

'ကောင်းတယ် ... ကောင်းတယ်'

ဟု ပြောပြီး ဦးဘေမောင်သည် သူ့အခန်းသို့ သွားလေသည်။

အပေါ်ထပ်တွင်ကား ရုပ်ရည်သနားကမား၊ မျက်လုံးပြူကလေးနှင့် ချစ်စရာ ဆရာမသည် ပတ်ဝန်းကျင်ကို အကဲခတ်နေလေသည်။ သူ့အဖို့မှာ မြေပြောင်းလေပြောင်းဖြစ်၍ ဆန်းသစ်နေသည်။ ဦးဘေမောင်တို့ အိမ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်းနှင့် ခြံမြေနှင့် မြို့အစွန်တွင် ဆောက်ထားလေရာ ခပ်လှမ်းလှမ်း လယ်ကွင်းမှ ရိုးပြတ်များ၏ ရနံ့သင်းသင်းနှင့် နွေဦးပေါက် ပန်းများ၏ ရနံ့မွှေးများကို သူ ရှူရှိုက်မိလေသည်။ ဘူတာရုံမှ အိမ်သို့ အလာလမ်းကားပေါ်တွင် သူ လုပ်ရမည့် ဆရာမ အလုပ်ကို စဉ်းစားကြည့်၏။ သူသည် ပိပိရိရိ အပြစ်ကင်းအောင် နေရမည်။ အကယ်၍ ဤအရပ်၊ ဤဒေသတွင် သူ့အား ချစ်မည့် ကြိုက်မည့် ယောကျ်ားတစ်ဦး တွေ့လျှင် ချစ်မိ ကြိုက်မိမည် ဖြစ်၏။ သို့ရာတွင် မေသည် လက်ထပ်ယူရန် ရည်ရွယ်ချက် မရှိပေ။ လင်ယူမည့် ကိစ္စကိုလည်း သူ တွေး၏။ သူ့အဖို့မှာ တိုင်ပင်စရာ အမေလည်း မရှိ၊ အဖေလည်း မရှိ။ တကယ့်အရေးကျလျှင် သူ့ဦးနှောက်နှင့်သာ တိုင်ပင်ရမည်။ အဖော်ပြုရမည် ဖြစ်လေသည်။ သူ့ကိုယ်သူသာ အားကိုးရမည် ဖြစ်၏။

ဒေါ်ငြိမ်းခင် အတွက်မှာလည်း 'ငါ ... ဒီမိန်းမကိုတော့ ဘာမျှ ကြောက်စရာ မရှိဘူး'ဟု သူ့ကိုယ်သူ ပြောမိလေသည်။ မေ့အဖို့မှာလည်း သူ့သမီးနှစ်ယောက် အကြိုက် လိုက်၍ မြှောက်ပင့်နေလိုက်လျှင် ဟန်ကျမည် ဖြစ်၏။ ဆယ့်လေးနှစ်နှင့် ဆယ့်ငါးနှစ် သမီးနှစ်ယောက်မှာ ဖြူဖြူ ကျစ်ကျစ်ကလေးများ ဖြစ်ကြ၏။ ပထမ မေ့ကို သူတို့ ရှက်နေကြလေသည်။ နောက် မေက သူတို့၏ ဘိုခွေးကလေး နှစ်ကောင်ကို ချစ်ဟန်ပြလိုက်သဖြင့် သဘောကျသွားကြလေသည်။ ဘော်ဘီနှင့် တော်မီသည် တွေ့စက မေ့ကို ဟောင်ကြ၏။ အမှန်မှာ မေသည် ခွေးများကို မချစ်ပေ။ မေသည် ကြောင်များကိုသာ ချစ်လေသည်။

မေသည် အခန်းအနေအထားကို ကြည့်ကာ ပြုံးလေသည်။ နံရံများမှာ ဆေးဖြူသုတ်ထား၍ ပြတင်းပေါက်မှာ လယ်ကွင်းဘက်သို့ မျက်နှာပြု၏။ အခန်းထောင့်ရှိ သူ အိပ်ဖို့ ခုတင်မှာ ကျွန်းသားဖြင့် ပြုလုပ်၏။ အဝတ်ထည့်သည့် ဗီရိုတစ်ခုမှာ ခုတင်နှင့် မျက်နှာချင်းဆိုင်နံရံတွင် မှန်တင်ခုံနှင့်အတူ ကပ်ထား၏။ အခန်းမှာ အတော်ကလေး ကျယ်၏။

ပြီးလျှင် မေသည် အောက်ထပ်သို့ ဆင်းလေသည်။ ဧည့်ခန်းသို့ ဝင်လျှင် ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ဦးဘောမောင်ကို တွေ့ရလေသည်။ သူ့ကို မြင်လျှင် မေ တုံ့သွား၏။

mgyoe.com

mgyoe.com SAMPLE BOOK 

'လာပါ ... လာပါ ... ကိစ္စမရှိပါဘူး'

ဟု သူ့ကို ဖိတ်ခေါ်လေသည်။

မေသည် ကုလားထိုင်တစ်ခုပေါ်တွင် ဝင်ထိုင်လိုက်ရလေသည်။ မေသည် မျက်လွှာကို အောက်သို့ချလျက် နေ၏။

'မေ ဆိုတာ ထင်ပါရဲ့'

'မှန်ပါတယ်'

မေသည် သူ့ မကြည့်ဘဲ ဖြေလေသည်။

'ဘယ်တုန်းက ရောက်သလဲ'

'ခုနကလေးတင်ပါပဲ။ လမ်းမှာတောင် ဦးကို တွေ့မိမယ် ထင်ပါတယ်'

'ဪ ... ဟုတ်လား။ မသိပါဘူးကွယ်။ သတိမထားလိုက်မိဘူး'

မေသည် ဦးဘေမောင် အမှန်မပြောသည်ကို သိလေသည်။ ကားသူ့အနား ဖြတ်လေသောအခါ သူ့ကို သေသေချာချာ ကြည့်သည်ကို မေ ကောင်းစွာ သတိထားမိသည်။

'သမီးနှစ်ယောက်နဲ့ကော တွေ့ပြီးပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ တွေ့ပြီးပါပြီရှင်'

မေသည် ယဉ်ကျေးစွာ ဖြေကြား၏။

'ကောင်းတယ်၊ ကောင်းတယ်။ တော်ကြာ သူတို့နဲ့ ခင်မင်သွားပြီး မေလည်း ပျော်လာမှာပဲ။ နှစ်ယောက်စလုံးကို အစိုးရကျောင်းက ခြောက်တန်းနဲ့ နုတ်ထားရတာကိုး။ ကောင်မလေးတွေက ချစ်တတ် ခင်တတ်ပါတယ်။ စာကိုလည်း အင်မတန် သင်ချင်ကြ၊ တိရစ္ဆာန်ဆိုလည်း ချစ်တတ်ကြရဲ့။ ခွေးကလေးတွေ ...'

ဘော်ဘီနှင့် တော်မီကို မေ မြင်ပြီး ဖြစ်လေသည်။

'နောက်ပြီး ကြောင်ကလေးတွေ ...'

ထိုအခိုက် ကြောင်နက်ကလေးတစ်ကောင် အခန်းထဲသို့ ဝင်လာလေသည်။ ဦးဘေမောင်မှာ သူ ပြောသည်မှာ မှန်ကန်ကြောင်း ထောက်ခံသည့်အလား ကြောက်နက်ကလေးကို လက်ညှိုးညွှန်ပြလေသည်။

'လာ ... လာ ... ပူစီ ... ပူစီ'ဟု သူသည် လက်ကို လှုပ်၍ ခေါ်

mgyoe.com

m g y o e . c o m SAMPLE BOOK

လေသည်။ သို့ရာတွင် ကြောင်ကလေးမှာ သူ့ဆီမလာဘဲ မေရှိရာသို့ အမြီးကလေး တစ်ချက် ကော့ကာ သွားလေသည်။ မေသည် အသာ အယာ ကြောင်ကလေးကို ပွေ့ယူလိုက်ဆဲ ဒေါ်ငြိမ်းခင်နှင့်အတူ သမီး နှစ်ယောက် အခန်းထဲ ဝင်လာကြလေသည်။ သူတို့၏ အမည်များမှာ အငယ်က ဝင်း၊ အကြီးက နှင်းဟု မေ သိပြီး ဖြစ်လေသည်။ မေသည် ကြောင်ကလေးကို ပွေ့ထားရာမှ ကြမ်းပြင်ပေါ်သို့ အသာချလိုက်လေ သည်။

ဒေါ်ငြိမ်းခင်သည် မေ့အား 'အတော်ယဉ်ကျေးတဲ့ မိန်းမကလေး' ဟု အောက်မေ့မိလေသည်။

'သြော် ... ကိုမောင်နဲ့ မေ တွေ့ကြပြီကိုး'

မေသည် ဝန်ခံလေသည်။

'ကဲ ... ကဲ ... မေ၊ လာ ... ထမင်းစားကြရအောင်။ နှင်းနဲ့ ဝင်းက ဆရာမကို လက်တွဲပြီး ထမင်းစားခန်း ခေါ်ခဲ့ကြ'

မေသည် နှင်းတို့၊ ဝင်းတို့ တစ်ဖက်တစ်ချက် ခြံရံလျက် ထမင်း စားခန်းထဲသို့ ရောက်လာလေသည်။ မေက ဦးဘေမောင်နှင့် ဆက်ဆံ ရာ၌ လွယ်ကူမည်ဟု တွေးထင်လေသည်။ ထမင်းစားခန်းမှာ အတော် ကလေး ကျယ်၍ သပ်သပ်ရပ်ရပ် ရှိ၏။ စားပွဲထိပ်၌ ဦးဘေမောင် ထိုင် သည်။

'မေ ... ဘာမျှ အားမနာနဲ့။ ကိုယ့်အိမ်လို သဘောထား စား။ နောက်လည်း ဒီအိမ်သား ဖြစ်မှာပါပဲ'

ဟု ဒေါ်ငြိမ်းခင်က အားမနာအောင် ပြောလေသည်။

'ဆိတ်သားဟင်းက နည်းနည်း မငန်ဘူးလား'

ဟု ဦးဘေမောင်က ဟင်းကို နယ်ရင်း ပြော၏။

'ကျုပ်ကတော့ ပေါ့တောင် ပေါ့သေးတယ် ထင်တယ်'

ဟု ဒေါ်ငြိမ်းခင်က သဘောမတူသော အချက်ကို ဖော်ပြလေသည်။

'မေကော ... ဘယ့်နှယ်လဲ'

ဟု ဦးဘေမောင်က မေ့ဘက်သို့ လှည့်၍ မေး၏။ မေကား မည် သူ့ဘက် လိုက်ပြောရမည်ကို မတွေးတတ်။ ဝင်း၏သဘောမှာလည်း

mgyoe.com

mgyoe.com SAMPLE BOOK 

နေ်သည်ဟု သဘောရသည်။ နှင်းကမူ မေ၏ အဝတ်အစားကိုသာ ငေး ကြည့်နေ၏။ မေမှာ သူ ပေးရမည့်အဖြေ အရေးကြီးကြောင်း သူ သိ၏။

'မေ သိပ်မသိဘူး။ မေတော့ စားလို့ရတာပဲ။ နောက်ပြီး ကျောင်း မှာဆို ဆိတ်သား တယ်စားရတာ မဟုတ်ဘူး'

မေသည် မုသား သုံးလိုက်သည်။ ကျောင်းမှာ ဆိတ်သား မကြာ ခဏ စားရသည်။ ဒေါ်ငြိမ်းခင်မှာ အဖြေကို များစွာ ကျေနပ်လေသည်။ ဦးဘေမောင်မှာမူ ဟင်းငန်သည်ကို အရေးမထား။ မေ၏ ငွေဆည်းလည်း သံလို ချိုနွဲ့သော အသံကိုသာ နားစွင့်နေ၏။

'ဝအောင် စား မေ၊ ဝအောင် စား'

ဟု ဒေါ်ငြိမ်းခင်က မေ မရှက်ရအောင် စကားပြောလေသည်။

သူတို့သည် ထမင်းစားပြီးလျှင် အိမ်မှာ ဖျော်သော သံပရာ အဖျော် ရည်ကို သောက်ရင်း ဟိုအကြောင်း ဒီအကြောင်း စကားပြောကြလေသည်။ မေသည် သူတို့ မေးသမျှကို ဖြေကြားလေသည်။

'မေ … ဒီလာတော့ မေ့မိဘများ ဘယ်မှာ နေရစ်ကြမလဲ'

'မေ့မှာ အဖေ၊ အမေ မရှိပါဘူး။ မေ့မှာ ဆွေးမျိုးလည်း မရှိပါဘူး'

သူတို့သည် မေ့ကို သနားသွားကြ၏။ ဦးဘေမောင်မှာ ငေး၍ နားထောင်နေ၏။ ဝင်းမှာ သူ့ဆရာမကို သနား၍ မျက်ရည်လည်မလာ အောင် စိတ်ကို ထိန်းနေ၏။ နောက် သူတို့သည် ဆရာဖြစ်သင်ကောလိပ် ကျောင်းအကြောင်းကို မေးသဖြင့် မေက စိတ်ရှည်လက်ရှည် ပြောပြလေ သည်။ အိမ်သား အားလုံးကပင် မေ့ကို ချစ်ခင်လာကြလေသည်။ မေ မျှော်လင့်သည်ထက်ပင် ဟန်ကျလာလေသည်။

'စာကို တစ်နေ့ ဘယ်အချိန်လောက် သင်ကြမှာလဲ'

'စာကို တစ်နေ့ ငါးနာရီဆိုရင် တော်လောက်ပြီ ထင်တယ်'

ဟု ဦးဘေမောင်က အကြံပေးလေသည်။ အားလုံး သဘောတူ ကြ၏။

'အင်္ဂလိပ်စာ နှစ်နာရီ၊ ရာဇဝင် တစ်နာရီ၊ ဂဏန်းသင်္ချာ တစ်နာရီ၊ စန္ဒရားအတီးသင်တာ တစ်နာရီ'

ဟု ဒေါ်ငြိမ်းခင်က အချိန်ကို တွက်ပြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်တယ် ... ဒါ ကောင်းတယ်'

ဟု ဦးဘေမောင်က သဘောတူ၏။ နှင်းနှင့် ဝင်းတို့မှာ လူကြီးပြောသမျှကို နားထောင်နေကြ၏။

'အချိန်ရသလောက်တော့ မေ ကြိုးစားပြီး သင်ပေးပါ့မယ်'

ဟု မေက ဖြည့်စွက်လေသည်။

'စာသင်ချိန်ရော၊ အားလပ်ချိန်ရော မှျတလို့ပေါ့။ စာချည်း သင်နေလို့လည်း အညောင်းမိနေကြပါမယ်။ ကိုယ်လက်လှုပ်ရှား ကစားဖို့လည်း အရေးကြီးတယ်။ နှင်းနဲ့ ဝင်းကတော့ လမ်းလျှောက် အတော်ဝါသနာပါကြသားပဲ'

'ဟုတ်ကဲ့။ ကိုယ်လက်လှုပ်ရှား ကစားတာ အင်မတန် အရေးကြီးတယ်။ မေတို့ ကျောင်းကတော့ ကစားတာကိုပဲ အထူးပဲ လေ့လာရတယ်'

ဟု မေက ပြောပြလေသည်။ နှင်းနှင့် ဝင်းတို့မှာ ကျန်းမာရေးကစားနည်းများ မေ့ထံမှ တောင်းမည်ဟု ကြံနေကြ၏။ ဦးဘေမောင်မှာမူ မေ၏ တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ကိုသာ တွေးနေလေသည်။

'စန္ဒရားသင်ရင် ဘာက စသင်မလဲ။ သီချင်းကြီးလား ... ကာလပေါ်လား'

ဟု ဝင်းက မရဲတရဲနှင့် မေ့ကို မေးလေသည်။

မေက ပြုံးကာ 'သီချင်းကြီးရော၊ ကာလပေါ်ရောပေါ့'ဟု ဖြေလေသည်။

'အရင်က ကျွန်မတို့ သင်တဲ့ ဆရာကတော့ ကာလပေါ်က အလကားဆိုပြီး မသင်ပေးဘူး'

နှင်းနှင့် ဝင်းက ပြောပြန်၏။

'ဟုတ်တယ်။ တချို့က အယူသီးကြတယ်။ အမှန်ကတော့ နားဝင်ချိုစေတဲ့ အသံဟာ ဂီတပေါ့'

ဟု ဒေါ်ငြိမ်းခင်က အကြံပေး၏။

'စန္ဒရားဆိုလို့ အိမ်က စန္ဒရားကြီး တီးကြည့်ပါလား'

သူတို့သည် စန္ဒရားထားရာ အလယ်ခန်းသို့ သွားကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK 

မေသည် စန္ဒရားကို စမ်းကာ သီချင်းတစ်ပုဒ် ကောက်တီးလေသည်။ နှင်းမှာ မေ၏ ကျက်သရေရှိစွာ လှုပ်ရှားသော လက်ချောင်းကလေးများကို ကြည့်ကာ အံ့ဩနေလေသည်။ ဝင်းမှာ မဟာဂီတကို လှန်၍ သီချင်းကို တိုးတိုး ဆိုကြည့်၏။ ဦးဘေမောင်မှာ ဆေးပြင်းလိပ်ကို ပါးစောင်တွင် ခဲကာ ပက်လက်ကုလားထိုင်မှ ဖိမ်နှင့် စန္ဒရားသံကို နားထောင်လေသည်။

ပြီးလျှင် မေသည် ခရီးပန်းနေသည်ဟု အကြောင်းပြကာ အိပ်ခန်းသို့ ဝင်သွားလေသည်။

'ဆရာမလေးက တော်သားပဲ။ စန္ဒရားလည်း အတီးကောင်းတယ်၊ ပညာလည်း ကောင်းပုံရတယ်။ ဘယ့်နှယ် သဘောရလဲ ကိုမောင်'

'အေးကွယ်။ တို့တော့ ဒီလို ဆရာမကလေးရတာ ကံကောင်းတာပဲ'ဟု ဦးဘေမောင်က ပြောလေသည်။

* * *

မေ အစောကြီး အိပ်ရာဝင်သွားခြင်းမှာ အိပ်ခန်းထဲတွင် လွတ်လွတ်လပ်လပ် တွေးရတောရအောင် ဖြစ်လေသည်။

မေသည် သူ့ကိုယ်သူ များစွာ ကျေနပ်၍နေလေသည်။ ဦးဘေမောင်နှင့် ဇနီးဒေါ်ငြိမ်းခင်ကလည်း သူ့ကို ယုံကြည်နေပြီ။ နှင်းနှင့် ဝင်းတို့ကလည်း သူ့ကို ချစ်ခင်နေပြီ။ အမှန်မှာ သူသည် နှင်းနှင့် ဝင်းတို့ကို တကယ်မချစ်ပေ။ မည်သို့ပင်ဖြစ်စေ၊ သူသည် ရှေ့အဖို့ ဟန်ကျတော့မည်။ ပဲခူးမှာပဲဖြစ်ဖြစ်၊ လောကကြီးမှာပဲဖြစ်ဖြစ်။

သူသည် ပြတင်းပေါက်အနီးတွင် ရပ်လျက်ရှိ၏။ သူ့အိပ်ခန်းထဲသို့ ဝင်မိကတည်းက ဒေါ်ငြိမ်းခင် အိမ်သားတွေအကြောင်းကို မေ့ပစ်လိုက်ပြီ ဖြစ်၏။ သူ တွေးနေသော အိပ်မက်များ၏ အလင်းရောင်၊ အမှောင်တို့ကိုသာ သူ မြင်၏။ သူသည် ဆရာဖြစ်သင်ကောလိပ် ကျောင်းတွင် နေရသည်များကို တွေးမိ၏။ အားလပ်ရက်ဆိုလျှင် ဧည့်ခန်းမဆောင်တွင် မခင်စီနှင့်အတူ စန္ဒရား တီးကြ၏။ တနင်္ဂနွေနေ့ဆိုလျှင် မြို့ထဲ ထွက်၍ ရုပ်ရှင်ကြည့်ကြ၏။ ညနေအေးတွင် အညောင်းပြေ လမ်းလျှောက်ထွက်ရင်း အင်းလျားလမ်းအနီး ဂရင်းဘင့်ရှိ ဘူးသီးကြော်ဆိုင်သို့ သွားကြ၏။ တစ်ဖန် သူ့အတိတ်သည် အဝေးသို့ လွင့်သွားပြန်၏။ သူသည် ဒိုင်အို

mgyoe.com

mgyoe.com SAMPLE BOOK

ဆီစင် မိန်းကလေးကျောင်းတွင် နေစဉ်က အပူအပင် အကြောင့်အကြ မရှိ။ ကပွဲတွေ၊ မိတ်ဆက်ပွဲသဘင်တွေ တက်၏။ ထိုအခါက မေသည် အတော် အက ကောင်း၏။ ကပြားတွေ သူနှင့် တွဲကကြ၏။ ယခုမူ လယ်ကွင်းတွေဘေး သာယာအေးမြသော ပဲခူးတွင် ရောက်နေလေပြီ။ တောခလေ့ကို တွေ့ရလေပြီ။

ထိုနွေဦးပေါက် ညတွင် မေသည် ပျော်၏။ လွတ်လပ်၏။ ပြတင်းပေါက်မှ ညင်းညင်းညှံ့ညှံ့ကလေး ဝင်လာသော လေကို ရှူရှိုက်၏။ သူ့ဟဒယတွင် ပီတိဟုန်ကြွနေ၏။ အောက်ပန်းခြံမှ ပန်းရနံ့များသည် လှိုင်နေလေသည်။ အဝေး ပဲခူး–ရန်ကုန် လမ်းမကြီးပေါ်မှ ဝေါခနဲ ဝေါခနဲ ဖြတ်သွားကြသော မော်တော်လော်ရီများ၏ အသံကြောင့် ပြတင်းပေါက်မှ အခန်းဆီးကို အသာ လက်ဖြင့် ဖယ်လိုက်လေသည်။

မေသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ပပဝင်းနေသော လမင်းကို နှုတ်ဆက်၍ ကောင်းကင်တိမ်တိုက်တွေ ကြား၌ကား လနတ်သမီးသည် ငွေရောင်ခြည်၊ မြရောင်ခြည် တန်ဆာကို ဝတ်ဆင်ကာ က၍ နေလေသည်။ လနတ်သမီးသည် လက်ချောင်းများကို ကြာဖူးသဏ္ဍာန် ယှက်ကာ သက်လှယ် လမင်းကို ကန်တော့၏။ လနတ်သမီးမှာ မေပင် ဖြစ်နေလေသည်။ ပြိုးပြိုးပြက်ပြက်နှင့် လနတ်သမီးမှ ဖြာထွက်သော အရောင်များမှာ သူ၏ စိတ်တန်ခိုးများ ဖြစ်လေသည်။

ဤကဲ့သို့သော အလှအပသည် ပဥ္စလက်နည်းဖြင့် သူ့ကိုယ်တွင်းသို့ ဝင်လာမည်ဆိုလျှင် သူကိုယ်တိုင်သည် အလှအပကို ကမ္ဘာကြီးအား ဖြန့်ဝေရာ လက်နက် ဖြစ်နေမည်လောဟု မေသည် မှုန်မှိုင်းစွာ တွေးထင်လျက် ရှိလေသည်။ သူ့အသံကို လူအများ နားထောင် လိုက်နာရ၍ သူ့စိတ် ကိုယ်သည် တပ်မက်ခြင်း၊ စည်းဝါးချက်အတိုင်း ကျူးသီသော တေးများ တီးခတ်ရာ စောင်းတူရိယာပင် ဖြစ်နေတော့မည်။ အလှအပကို သူ ကောင်းကောင်း မြင်၍ အလှအပ သူ့တွင် ရှိရမည့် အဘယ့်ကြောင့် ဆိုသော် လူတို့သည် အလှအပ၏ ဆွဲဆောင်ရာသို့သာ လိုက်ကြသော ကြောင့် ဖြစ်လေသည်။

သို့ရာတွင် သူသည် ပန်းချီဆရာလို ချစ်ခင် နှစ်သက်ဖွယ်သော

mgyoe.com

mgyoe.com SAMPLE BOOK 

အာရုံတွင် မည်မျှ ထက်သန်လျက်ရှိသော်လည်း တဒင်္ဂမျှပင် စိတ်သည် ပျက်ပြယ်လျော့ရဲသွားခြင်း မရှိ။ ပုလဲရောင်နှင့် ငွေရောင် တွဲစပ်ထားသော နောက်ခံကားတွင် သူသည် အကောင်းချည်း၊ အလှချည်း မြင်နေလေသည်။ တကယ်ဆိုလျှင် သူ့ဘဝမှာ မေတ္တာနှင့် အောင်မြင်မှုတို့ဖြင့် ပြည့်စုံတော့မည်ဟု တွေး၍ သူ့နှုတ်ခမ်းပေါ်တွင် အပြုံးကလေး ပေါ်လာလေသည်။ လှပကြည်ဝင်းသော လရောင်နှင့် အရိပ်များသာ ဖြစ်၍ ဘယ်တော့မှ နေ့ခင်း၏တောက်ပခြင်း မဖြစ်နိုင်ပေ။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

ပဲခူးမြို့၊ မတ်လ ၂၉ ရက်၊ ၁၉ ခု။

အချစ်ဆုံး စီရေ ...

ဒီကနေ့မနက် စိမ်းစိမ်းဝါနေတဲ့ လယ်တောဘက်ဆီက နေကလေး ထွက်ပြူစ သိပ်သာယာနေတုန်းပေါ့။ မေ တပည့်မ နှစ်ယောက် အပြင်လမ်းလျှောက်ထွက်တုန်း သူတို့လည်း တော်တော်ကြာမှာ မို့ အားတဲ့ အချိန်ကလေးမှာ စီ့ဆီကို စာရေးလိုက်ရတာပဲ။ မနက်စာ စားပြီးတယ်ဆိုလျှင် စာသင်ရမှာနဲ့ အားတော့မှာ မဟုတ်ဘူး။ စီ့အခန်း လာပြီး မေ နှုတ်ဆက်လာတုန်းက ကြာကြာမနေဘဲ တစ်ခါတည်း ထွက်သွားတာ သိလား။ စီက သိပ်ဝမ်းနည်းတတ်တာနဲ့ စီ ငိုမှာကို မေ သိလို့ မေ ခပ်မြန်မြန် ထွက်သွားလိုက်ရတာ။ စီ ငိုတာ မြင်လျှင် မေလည်း ငိုမိပြီး သိပ်စိတ်မကောင်း ဖြစ်မိမှာ။

မေ အခု ပဲခူးမှာ အသားကျနေပြီ ဆိုပါတော့ ...။ မေ အစက ကြောက်သလိုတော့ မဟုတ်ပါဘူး။ မဆိုးလှပါဘူး။ ဦးဘေမောင် ဇနီး ဒေါ်ငြိမ်းခင် ဆိုတာကလည်း သဘောကောင်းပါတယ်။ သနားကြင်နာတတ်တယ်။ နည်းနည်းတော့ ဩဇာပေးတတ်တယ်။ မေ နဲ့တော့ လေပေး ဖြောင့်ပါတယ်။ လေပေး မဖြောင့်စရာလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


အကြောင်းမရှိပေဘူး။ မိန်းမကြီးက ခပ်ဝဝ၊ ဖြူဖြူသန့်သန့်၊ သူဌေးကတော်ကိုက် ပေါက်တယ်။ ခါးကြားမှာ သော့တွဲကြီး အမြဲချိတ်ထားတယ်။ ခါးက ချတယ် မရှိဘူး။

သူ့ယောက်ျား ဦးအောမောင် ဆိုတာကတော့ ပိန်ပိန်ရှဲ့ရှဲ့။ အသက် ၄၅ နှစ်လောက် ရှိပြီ။ သူ့ ဂုဏ်ဝိသေသနကတော့ မြေပိုင်ရှင်၊ သမာဓိမြို့ဝန်၊ ဘုရားလူကြီး ဆိုပါတော့။ သမာဓိ ရှိတယ်၊ မရှိဘူး၊ ဘာသာတရား ကြည်ညိုတယ်၊ မကြည်ညိုဘူးကိုတော့ မေမသိဘူး။ ဒါပေမဲ့ မြို့ပေါ်မှာတော့ ဂုဏ်သရေရှိ လူကြီးတစ်ဦးပဲ။ သူတို့က အတော်ကလေး ချမ်းသာတယ်။ လယ်တွေ၊ မြေတွေလည်း ရှိတယ်။

သူတို့အိမ်မှာ ဟင်းကောင်းကျွေးကောင်းတော့ အမြဲချက်တယ်။ မေ့အဖို့များတော့ ကျောင်းကနေပြီး အိမ်ရောက်သွားတယ်ဆိုတော့ စားလို့သောက်လို့တော့ အင်မတန် ကောင်းတယ်။ မေလည်း အစားကြီး လာပြီကွဲ့။ စီလည်း အိမ်ရောက်တော့ နင်းကြိတ်မှာပေါ့၊ ဟုတ်လား။ ဦးအောမောင်က ဟင်းကောင်း အင်မတန် ကြိုက်တယ်။ ထမင်းစားပြီးလည်း ဖျော်ရည်တစ်ခု သောက်ရမှ။

မေ နေတဲ့ အခန်းကလေး အပေါ်ထပ်၊ လယ်ကွင်းဘက်ကို မျက်နှာပြုနေတယ်။ ပြတင်းပေါက်ဖွင့်ပြီး မျှော်ကြည့်မယ်ဆိုလျှင်တောရဲ့ ကျက်သရေအလှကို ကောင်းကောင်း တွေ့ရတာပဲ။ လေကလည်း အင်မတန် မွှေးတယ်။ လသာတဲ့ ညများဆိုရင် စီရယ် ... အို ... သိပ်ပြီး ကောင်းတာပဲ။

မေ အခု စာသင်ရတဲ့ နှင်းနဲ့ ဝင်းဆိုတဲ့ ကောင်မလေး နှစ်ယောက်ဟာ သင်လို့ တယ်မတတ်လွယ်ကြဘူး။ နည်းနည်း ဉာဏ်ထိုင်းတယ် ဆိုရမှာပေါ့။ အင်္ဂလိပ်စာကို ၆ တန်းအထိ သင်ဖူးတာကို။ အဲဒါ တချို့အသံထွက်တွေက မှားနေလို့ ခဏခဏ ပြင်ဆိုခိုင်းရတာပဲ။ တစ်ခုရှိသေးတယ် စီရဲ့ ...။ စန္ဒရား သင်ချိန်မှာဆို ဒေါ်ငြိမ်းခင်က အမြဲလိုလို အနားလာပြီး နားထောင်လေ့ ရှိတယ်။ တချို့နေရာများမှာ သူကိုယ်တိုင် ဝင်တဲ့ပြီး 'ဟဲ့ ... ဝင်း သေသေ

mgyoe.com

mgyoe.com SAMPLE BOOK

ချာချာ ဒရန့်ကို ပီအောင်တီး၊ ဒရန့်ဟာ အင်မတန် အရေးကြီးတယ်၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်ကို စုံအသံ ၃ မျိုး ထွက်အောင် စန္ဒရားခလုတ်ကို ခတ်လိုက်ရတယ်' အဲဒီလို ပြောပြီး တီးပြတတ်တယ်။ နောက် 'ဆရာမရယ် ... ဆက်သင်ပေးပါ။ ကျုပ် ငယ်ငယ်တုန်းကတော့ အတော်တီးတတ်တယ်။ အခု မရတော့ပါဘူး။ မေ့ကုန်ပါပြီ'တဲ့။ အမှန်ကတော့ ရှေးလက်သင် ထင်ပါရဲ့။ နားထောင်လို့ မကောင်းပါဘူး။ မဟာဂီတကတော့ အမျိုးစုံ ရှိတယ်။ သားရေဖုံးပြီး 'မင်္ဂြိမ်းခင်'လို့ ရွှေစာလုံး ထိုးထားတယ်။ ငယ်ငယ်က ဂီတ အတော်ဝါသနာပါပဟန် တူပါရဲ့။ စန္ဒရားကြီးက ဂျာမနီလုပ် 'ဘလူသ်နာ'ဆိုတဲ့ အမျိုးပေါ့။ အသံ အတော်ကောင်းတယ်။ မြန်မာသီချင်းရော၊ အင်္ဂလိပ်သီချင်းရော တီးလို့ ကောင်းတယ်။ ခလုတ်တွေက တို့ရုံနဲ့ အသံမြည်တယ်။

ဒီလိုဆိုတော့ စီက မေဟာ သိပ်ပျော်နေတယ်၊ ကျေနပ်နေတယ် အောက်မေ့မှာပဲ။ ဒါပေမဲ့ စီရယ် ... မေဟာ အခုထက် ထိုက်တန်သင့်တယ်လို့ မေ ထင်တယ်။ စီလည်း သိတဲ့အတိုင်း၊ မေဟာ အရောင်အသွေးတွေ၊ ဂီတသံတွေ၊ တောက်တောက်ပြောင်ပြောင်တွေ၊ ပြုံးပြုံးရယ်ရယ်တွေကို အင်မတန် မျှော်လင့်တာ။ မေက ဒီဟာတွေနဲ့ ကြော့နေချင်တာ။ ဒါတွေကို မေ ဘယ်တော့မှ မရဘူး။ နောက်ပြီး မေ့မှာ အဖော်လည်း မရှိဘူး။ မေ့မှာ မိတ်ဆွေဆိုလျှင် စီကလွဲလို့ တစ်ယောက်မှ မရှိဘူး။ ဒီ့ပြင် မိန်းကလေးတွေလို လူများ ဂရုစိုက်ခံရတာ မဟုတ်ဘူး။ ဒါတွေများ တွေးမိရင် မေတော့ ရူးချင်လာတာပဲ။ စီနဲ့ မေတို့ ခဏခဏ ဆိုကြတဲ့ ဟောဒီကဗျာကို သွားသတိရတယ်။

လဲ့ကြည်လဲ့ကြည် ငွေခြည်လှိုင်းသား၊
ငွေကပ်နားနှင့် အိလျားပိုးလွှာ၊
မိုးအပြာလျှင် ပွေ့ကာပိုက်ထွေး၊
ရင်ဝယ် မေးသည်

mgyoe.com

mgyoe.com SAMPLE BOOK 

*လကွေးတိမ်ဝယ် ပြုံးပြုံးတကား။*
*ဖူးငုံဖူးငုံ ဝတ်မှုန်တင့်ထူး၊*
*ပွင့်တော်ဦးရှင့် ရွှေဖူးတံထိပ်၊*
*စိမ်းရွက်ပိတ်၍ ချစ်မိတ်တို့လှယ်*
*ကြင်မည်ရွယ်သည် ရွက်ဝယ်ပန်းပွင့်*
*ဖုံးဖုံးတကား။*

*တင့်ဟန်တင့်ဟန်*
*ပြာလျှံတိမ်တိုက်၊ လကိုပိုက်၍*
*ဖူးကိုက်စိမ်းရွက် ပွင့်ကိုဖက်၍*
*ချစ်လျက်ကြစေ၊ ကံမွဲ မေမှု*
*ကြင်ဝေသက်က မှုန်းမှုန်းတကား။ ။*

*အဲဒီကဗျာရှင်နဲ့ မေနဲ့ အဖြစ်ချင်း တူနေပြီ။ စီ ဘယ်တော့ ပဲခူးကို လာလည်မလဲ။ စီ လာချင်တယ်ဆိုတာ မေ သိပါတယ်။ စီတို့ကတော့ အစ်ကိုနဲ့ သိပ်ဟန်ကျတာပဲ။ သူ့ကိုပါ စီ ခေါ်လာနိုင်တာပဲ။ စီ့လို သူ သဘောကောင်းလျှင် ဟန်ကျမှာပေါ့။ ဒါပေမဲ့ စီ သူ့ကို ခေါ်လာရင်တော့ မေ ရှက်နေမှာပဲ။ တော်ဦးမယ်နော်။ ကျန်းမာကြပါစေ ...။*

**စီ ချစ်စွာသော မေ ...**

မခင်စီသည် မေ့စာကို ဖတ်ပြီးလျှင် မျက်ရည်ကလေး လည်နေ၏။ မေကလည်း စီ ဖတ်လျှင် မျက်ရည်လည်မည်ဟု ထင်လေသည်။ မခင်စီသည် မေ့စာကို သူ့အစ်ကို ကိုကျော်မြင့်အား ပြလေသည်။

'စီ့ သူငယ်ချင်းက သနားစရာပဲ။ သူ့ခမျာ သိပ်ပြီး တစ်ယောက်တည်း ဖြစ်နေတယ် ထင်တယ်'

ဟု ကိုကျော်မြင့်က ပြောလေ၏။

မခင်စီက ခေါင်းညိတ်လေသည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK

'မေက အင်မတန် ဖော်ရွေတာ။ တော်တော်ကြာ ချစ်တဲ့ခင်တဲ့သူ ပေါ်လာမှာပါ'

'မေက ချောသလား'

'သိပ်ချောလှတယ် မဟုတ်ဘူး ကိုကိုရဲ့။ ဒါပေမဲ့ ကြည့်လို့ ကောင်းတယ်။ ဆံပင်က အတွန့်အရွန့်ကလေးတွေနဲ့ သိပ်ဘိုဆန်တယ်။ မျက်လုံးပြာကလေး၊ အသားကလည်း ဝင်းဝင်း။ တစ်ခုက သူ့မှာ အဝတ်အစား ကောင်းကောင်း မရှိဘူး'

'ဒါဖြင့် စီက လက်ဆောင်ဝယ်ပေးပါလား'

ကိုကျော်မြင့်ကား ဆရာမကလေး မေ၏ ပုံပန်းကို စိတ်ကူးဖြင့် မှန်းကြည့်လေသည်။ သူ့စိတ်ပုံကားထဲ၌ မေသည် အရပ်မြင့်မြင့်၊ ဘိုဆန်ဆန် အပျိုမကလေး ဖြစ်လေသည်။ မခင်စီကား သူ့အစ်ကို ပြောမှပင် လက်ဆောင်ပေးရမည်ကို သတိရလေသည်။

'စီ စဉ်းစားနေတာက မေ့ဆီ လက်ဆောင်ပို့ရင် ကြိုက်မှ ကြိုက်ပါ့မလား မသိဘူး။ မေက နည်းနည်း မာနကြီးတယ် ထင်တယ်။ သူများက ပေးတာကမ်းတာလို့ ထင်ပြီး ဝမ်းနည်းချင် ဝမ်းနည်းမှာ'

ဟု မခင်စီက တွေး၍ ပြော၏။

ကိုကျော်မြင့်က ရယ်လေသည်။

'ဘာဆိုင်လဲ စီရဲ့။ မေနဲ့ စီဟာ သိပ်ချစ်တဲ့ သူငယ်ချင်းပဲ။ ဘယ့်နှယ် သူ မကြိုက်ဘဲ ရှိပါ့မလဲ'

'လက်ခံရင်တော့ သိပ်ကောင်းမှာပဲ ကိုကို'

'ပြောနေတာ ကြာတယ် စီ ...။ ဒီကနေ့ပဲ သွားဝယ်ရအောင်။ ကိုကိုလည်း မြို့ထဲ သွားစရာရှိတယ်'

မောင်နှမ နှစ်ယောက်ကား အဝတ်အစားလဲကာ မြို့ထဲ ထွက်သွားကြလေသည်။ သူတို့နှစ်ယောက်မှာ သူငယ်ချင်းများလို ရောရောဝင်ဝင် ချစ်ခင်ကြသည်။ မြန်မာအစ်ကိုလို နှမ ဣန္ဒြေကြီးတွေနှင့် မဟုတ်ကြ။ တစ်ယောက်အရေး တစ်ယောက် ဖွင့်ပြောတတ်ကြသည်။

သူတို့သည် စကော့ဈေး (ဗိုလ်ချုပ်ဈေး) ရှိ ပိုးတိုက်များတွင် ဝင်ကာ မေ့ဖို့ အဆင်ရွေးကြသည်။ ကျော်မြင့်က အပြာရင့်ရင့် များများပါ

mgyoe.com

mgyoe.com SAMPLE BOOK 

သော အကွက်အသွေးကို ရွေးသည်။

သူ့ အကြောင်းပြချက်မှာ မေသည် ဘိုဆန်ဆန် ချောသည်ဟု ဖြစ်လေသည်။ မီးခိုးရောင် သက္ကလတ်ကွက် အင်္ကျီတစ်ထည်လည်း ချုပ်ကြသည်။

'ကိုကို ... စီတို့ တစ်နေ့ ပဲခူး သွားလည်ကြရအောင်နော်။ မေ သိပ်ပျင်းနေရှာမယ်။ စီ့ကိုလည်း သူ တွေ့ချင်မှာပဲ'

'ဟုတ်တယ်။ သွားလည်ဖို့ ကောင်းတယ်။ ဒရိုင်ဘာမခေါ်ဘဲ ကိုကို မောင်းပို့နိုင်တာပဲ'

ဤသို့ဖြင့် သူတို့သည် ပဲခူးမြို့ရှိ ဆရာမကလေး မေ ထံသို့ အလည်သွားရန် ဆုံးဖြတ်ကြလေသည်။

* * *

လက်ဆောင်ပစ္စည်းများမှာ မေ့ထံသို့ အချိန်တန်လျှင် ရောက်သွားကြလေသည်။ မေသည် သူ့အိပ်ခန်းသို့ အထုပ်ယူသွားကာ ခုတင်ပေါ်တွင် ထိုင်ရင်း ဖြေကြည့်လေသည်။ မေသည် သူ့ဖို့ ကုတ်အင်္ကျီ၊ မန္တလေးပိုး အဆင်ဆန်း၊ ချိတ်ထဘီများကို ရင်ခွင်တွင် ပိုက်ကာ နှစ်သိမ့် ကျေနပ်လေသည်။ နောက် သူသည် အခေါက်ကို ဖြန့်ကာ မှန်ရှေ့သွားလျက် သူ့အသားနှင့် ကပ်ကြည့်၏။ ကုတ်အင်္ကျီကိုလည်း ဝတ်ကြည့်၏။ သူသည် ပြီးကာ လက်ဆောင်များကို တရိုတသေ သူ့အဝတ်သေတ္တာထဲသို့ ထည့်လေသည်။ လက်ဆောင်ပေးရာ၌ မခင်စီ၏အစ်ကို ပယောဂလည်း ပါမည်ဟု သူ တွေးလေသည်။ နောက်တစ်ခုမှာ မခင်စီတို့ မောင်နှမ လာမည့်ကိစ္စပင် ဖြစ်လေသည်။ တဖြည်းဖြည်း ရက်များလည်း ကြာသွားကာ မေမှာ ပဲခူးတွင် အတော်ပင် ဟန်ကျနေလေပြီ။ ဦးဘေမောင်တို့ အိမ်သို့ လာလည်ကြသောသူများမှာ 'မငြိမ်းတို့တော့ ရတနာ ပိုက်မိတာပဲ'ဟု ပြောကြလေသည်။

ပဲခူးတွင် မျက်နှာကြီးထဲကဖြစ်သော မင်းတိုင်ပင် အမတ်ဟောင်းကတော် ဒေါ်အေးရှင်ကပင် မေ့ကို သဘောကျကာ နောင် အလုပ်သစ်လျှောက်လိုလျှင် ထောက်ခံစာ ရေးပေးမည်ဖြစ်ကြောင်း ပြောလေသည်။ ပဲခူးတွင် မင်းပွဲစိုးပွဲများတွင် သူ အမြဲပါရာ သတင်းစာထဲတွင် သူ့နာမည်

mgyoe.com

mgyoe.com SAMPLE BOOK

ခဏခဏ ပါ၍ သူ့ကိုယ်သူ နာမည်ကြီးဟု မှတ်ထင်လေသည်။ မေ ကျေးဇူးတင်ကာ နောက်ကို ပြောပါမည်ဟု ကတိပေးလေသည်။ ဒေါ်အေးရှင်သည် မေ့အကြောင်းကို သူ့တူ အလုပ်လက်မဲ့ မောင်ချစ်မောင်ကို ပြောပြလေသည်။

'ဒေါ်လေး ပြောသလိုဖြင့် ဦးဘေမောင်တို့အိမ်က ဆရာမလေးက အတော် တော်တာပေါ့'

ဟု မောင်ချစ်မောင်က အကြားနှင့်တစ်ဆင့် ချီးမွမ်းလေသည်။

မုဆိုးမ ဝန်ထောက်ကတော် ဒေါ်မြင့်မြင့်မှာ ကွန့်ဗင့် မယ်သီလရှင်ကျောင်းထွက်ဖြစ်ရာ မေတို့ဆီလာတိုင်း မေနှင့် အင်္ဂလိပ်စာပေအကြောင်း ပြောကာ သူ ဖတ်ဖူးသော လင်္ကာများကို ဆွေးနွေးတတ်လေသည်။ ဒေါ်မြင့်မြင့်က မေ့ကို 'မေဟာ အင်္ဂလိပ်စာလည်း အတော်ဖတ်တာပဲ'ဟု ချီးမွမ်းကာ 'စန္ဒရားအတီးမှာတော့ တကယ်ရှားတယ်။ လက်ကျလက်နကလည်း ပီ၊ အခုအဘက်တွေကလည်း ကောင်း၊ ဟန်တို့ မင်တို့ကလည်းရှိ၊ အတော့်ကို တော်ပါတယ်။ ကျုပ်တို့တော့ ဝန်ထောက် ဆုံးသွားကတည်းက ပီယာနိုမတီးတာ အခုထက်တိုင်ပဲ။ တီးချင်စိတ်လည်း မရှိတော့ပါဘူး'ဟု ဆိုလေသည်။ ဤအချက်သို့ ရောက်လျှင် ဒေါ်မြင့်မြင့်မှာ သွားလေသူ ဝန်ထောက်ကြီးအား သတိရသည့်ဟန်ဖြင့် မျက်ရည်လည်လာတတ်လေသည်။

ဦးဘေမောင်မှာ မေ့ကို အတိအလင်း ချီးမွမ်းလေသည်။ ထို့ကြောင့်ပင် ဒေါ်ငြိမ်းခင်က 'အိမ်က ကိုမောင်ကတော့ ဆရာမကလေးကို အတော်သဘောကျတာပဲ'ဟု ဒေါ်မြင့်မြင့်ကို ပြောလေသည်။

နှင်းနှင့် ဝင်းတို့ကို စာသင်နေသည့်အခါများ၌ ဦးဘေမောင်သည် အနားသို့ လာရပ်ကာ မေနှင့် စကားစမြည် ပြောတတ်၏။ မနက် ထမင်းစားပြီးသည့်အခါတွင်လည်း 'မေ ... စားလို့ မြိန်ရဲ့လား'ဟု မေးတတ်၏။ ရက်များသည် တဖြည်းဖြည်း ကြာသွားကာ မေမှာ အိမ်သား တစ်ယောက်အဖြစ် ရင်းနှီးလာလေသည်။ မေသည် ညနေ၌ နှင်း၊ ဝင်းတို့နှင့် အတူ လမ်းလျှောက်တတ်လေရာ ဦးဘေမောင်လည်း မေ့ဘေးမှ လိုက်ပါလေသည်။ သမီးနှစ်ယောက်ကို အရှေ့တွင် ကျော်သွားစေ၍ အနောက်

mgyoe.com
SAMPLE BOOK


မှ သူနှင့် မေမှာ စကားပြောရင်း လာလေသည်။ မေမှာ သူ ပြောသမျှကို မျက်လွှာချကာ နားထောင်လေသည်။ မေ့အဖို့မှာ အတော် အရေးကြီးသည်။ ဦးဘောမောင်ကို အရောမဝင်၍ မဖြစ်။ ဒေါ်ငြိမ်းခင်နှင့်လည်း သင့်မြတ်ရမည်။ ဒေါ်ငြိမ်းခင်ကများ သူ့ယောကျ်ားနှင့် မသင့်ကာလျှင် သူ အလုပ်ပြုတ်မည် ဖြစ်၏။ မေမှာ ခြေလှမ်း မမှားရအောင် နေလေသည်။

လယ်ကွင်းထဲမှ ဖြတ်လာသောလေမှာ တနွဲ့နွဲ့ တိုက်ခတ်နေ၏။ တောလေကို ရသဖြင့် မေ့မျက်နှာမှာ ကြည်ရွှန်းလာ၏။ သူ၏ တွန့်ရှုန့်ကော့ရော့ ဆံပင်များမှာလည်း လှပ၍လာ၏။ ယခင် ဒိုင်အိုတုန်းက ယောကျ်ားများ ကြိုက်ကြ၊ ပိုးကြသော ရုပ်ကို ပြန်ရလာ၏။ မေ စန္ဒရားတီးနေသောအခါတွင် လမ်းပေါ်မှ ဖြတ်သွားကြသော လူများသည် ပြတင်းပေါက်မှ ပျံ့လွင့်ထွက်လာသော သီချင်းသံကို ကြားကာ 'ဘယ်က စန္ဒရားဝိဇ္ဇာများ လာတီးနေပါလိမ့်'ဟု အောက်မေ့ကြလေသည်။ မေသည် သူတစ်ယောက်တည်း စန္ဒရားတီးလျှင် ပြတင်းပေါက်ကို ဖွင့်ထားလေသည်။ သူသည် စန္ဒရားသံနှင့်အတူ ရောထွက်လာသော ကျေးငှက်ကလေးများ အော်မြည်သံကို သူ အလွန်ချစ်လေသည်။ ပန်းခြံမှ စံပယ်၊ နှင်းဆီ၊ တတိုင်းမွှေးတို့၏ ရနံ့များသည် အပေါ်သို့ လှိုင်ကာ လေ အယဉ်တွင် ပျံ့လွင့်နေသော ဂီတသံနှင့် ပေါင်းစုကြလေသည်။ ဥသြငှက်ကလေး၏ 'ဥသြ ... ဥသြ ...'ဟု ရင့်သီလိုက်သော တေးသံနှင့် ချိုးကလေးများ၏ ကူချွဲသံများသည် သူ့ ဂီတမှတ်ဉာဏ်တွင်းသို့ ဝင်ရောက်ကာ မှတ်ဉာဏ်မှ လှုံ့ဆော်သော စန္ဒရားလက်သံမှာ နူးညံ့သော ငွေသံ ဖြစ်စေလေသည်။

မေမှာ ပဲခူး လူကုံထံပိုင်းတွင် တစ်နေ့တခြား အသိအကျွမ်း များလာသည်။ အိမ်သူအိမ်သားများကလည်း သူ့ကို ချစ်ခင်လျက် ရှိသည်။ ဆရာမကလေး ရောက်လာသည့်အတွက်လည်း သူတို့အိမ်မှာ စံနံးပွင့်လျက် ရှိသည်။ ထို့နောက် ပဲခူးသို့ ဝန်ထောက်အသစ်နှင့် ဆရာဝန်ကြီးအသစ် ပြောင်းလာကြသည်။ အရာရှိများ အသစ်ရောက်လာလျှင် မိတ်ဖွဲ့ရန် ဦးဖို့ အရေးကြီးလေသည်။ ဒေါ်ငြိမ်းခင်က သူတို့အိမ်တွင် ဥယျာဉ်ပွဲ ကျင်းပဖို့ အချိန်တော်ပြီဟု တွက်လေသည်။ ဥယျာဉ်ပွဲတွင် ဝန်ထောက်

mgyoe.com

mgyoe.com  SAMPLE BOOK

အသစ်နှင့် ဆရာဝန်ကြီးအသစ်ကို ဖိတ်ကြား၍ မိတ်ဖွဲ့ရမည် ဖြစ်လေသည်။ ဥယျာဉ်ပွဲဆိုသော်လည်း ဥယျာဉ်ပွဲသက်သက် မဟုတ်။ ဘုရားကိုးဆူနှင့် တွဲ၍ ပြုလုပ်ဖို့ ဖြစ်လေသည်။ အိမ်ရှေ့ ပန်းခြံ မြက်ခင်းမှာလည်း ပန်းတွေ အတော်စုံလင်စွာ ရှိနေရာ ဥယျာဉ်ပွဲပြုလုပ်ဖို့ အကောင်းဆုံး ဖြစ်လေသည်။ နောက်ဆုံး၌ ဒေါ်ငြိမ်းခင်က ဘုရားကိုးဆူကပ်မည့် ပွဲနေ့ကို ရက်ကန့်သတ်လိုက်လေသည်။ အများအားဖြင့် လူကုံထံပွဲမှာ ပကာသနရောင်တို့ မျက်စိကျိန်းလောက်အောင် တောက်ပြောင်၍နေမြဲ ဖြစ်လေသည်။ အိမ်နီးချင်း ကတော်များကလည်း ဥယျာဉ်ပွဲအတွက် အားတက်သရော ကူညီကြသည်။

ထိုနေ့တွင် သူတို့သည် အလုပ်များလျက် ရှိကြသည်။ အပေါ်ထပ်တွင်လည်း ဘုရားစင်ကို ပုတီးစိကြိုးများ၊ တံခွန်ကုက္ကားတို့ဖြင့် မြိုင်နေအောင် ပြင်ဆင်ကြ၏။ မီးလုံးအစိမ်း၊ အနီများလည်း တပ်ဆင်ထား၏။ ငွေပန်းစိုက်အိုးများတွင်လည်း ပန်းများကို ဝေနေအောင် ထိုးထားကြ၏။ အိမ်ရှေ့ မြက်ခင်းပေါ်မှာ ကုလားထိုင်၊ စားပွဲများ အစီအရီ ခင်းထား၏။ ပန်းရုံဘေးတွင် စန္ဒရားကြီး ချထား၏။

အားလုံးတွင် အေးအေးဆေးဆေး အနိုင်ဆုံးမှာ မေပင် ဖြစ်လေသည်။ သူသည် သူ့အခန်းထဲ၌ အဝတ်လဲလျက်ရှိစဉ် ညနေ တွေ့ရမည့် ပွဲကို စဉ်းစားကာ ပြုံးမိလေသည်။ ဒေါ်ငြိမ်းခင်မှာ အိမ်ကို ပြင်ဆင်ရာ၌ ဆရာမကလေးက အကူအညီကို နာယူလေသည်။ ဆရာမကလေးက သဘောကျမှ သဘောကျသည်။ ဟိုနေရာလည်း ဆရာမလေး၊ သည်နေရာမှာလည်း ဆရာမလေး၊ နေရာတကာကတွင် ဆရာမကလေး ပါမှ။

မှိုင်းမှုန်ပြာဝေ ... တိမ်ညိုပန်း သမ်းတဲ့အခြေ။
နံ့သာလှိုင်ဝေ ... စိမ့်ကြီးမြိုင်ကြီး
လန်းဆန်းပေ။
စန်းငွေယုန်သာ
ဆန်းလှတဲ့ချေ ...
တိမ်ကြိုကြားမှာ သွားကာ ပျော်ရွှင်ပေ။
တိမ်ကြိုကြားမှ သွားကာ

mgyoe.com

mgyoe.com SAMPLE BOOK 

မှိန်ချည်လင်းချည် ... ခင့်ကိုလေ
တွေးရခက်အောင်။
ပြောင်လို့ လှောင်လို့
တမင် နေပေသလား ... ယုန်ငွေ။

မေသည် တိုးတိုးကလေး သီချင်းဆိုကာ မှန်တင်ခုံရှေ့တွင် ရပ်လျက် အလှပြင်၍ နေလေသည်။ နေရောင်ခြည်သည် လင်းနေသည်။ မြေသည် ဝင်းနေသည်။ ငှက်ကလေးများလည်း တေးသီနေကြသည်။ တစ်လောကလုံး ပျော်ရွှင်နေသည်။ မေသည် ပေါင်ဒါရိုက်ပြီးလျှင် အင်္ကျီအဝတ်အစား လဲလေသည်။ ပိတ်အင်္ကျီအဖြူတွင် ငွေကြယ်သီးကလေးကို တပ်၏။ အညွန့်တက် အတွန့်အခက်ကလေး ကော့နေသော ဆံပင်ကြားတွင် ပန်းရောင် နှင်းဆီဖဲပွင့်တစ်ပွင့် စိုက်၏။ ရင်ဘတ်ပေါ်တွင် ခေါင်းနှင့်ဆင်တူ နှင်းဆီပွင့်တစ်ပွင့် ထိုး၏။ ထဘီမှာ မခင်စီတို့ လက်ဆောင်ပေးသော အပြာရောင်ချိတ် ဖြစ်လေသည်။ ထဘီပြာမှာ မေနှင့် အလွန်လိုက်သည်။ လက်ပတ်နာရီ ကြိုးမှာလည်း ထဘီနှင့်ဆင်တူ အပြာနုရောင် ဖဲကြိုးကလေး ဖြစ်လေသည်။ မေသည် ပြီးလျှင် ကိုယ်လက်ဆန့်ကာ မှန်တွင် ဘယ်ပြန်ညာပြန် လှည့်၍ ကြည့်နေလေသည်။ နောက် အပြာနုရောင် ကတ္တီပါ မန္တလေးဖိနပ်ကို စီးကာ အောက်ထပ်သို့ ဆင်းသွားလေသည်။ ဧည့်ခန်းတွင် ဦးဘောမောင်နှင့် တွေ့လေသည်။

'ဟာ ... ဆရာမပါကလား'ဟု မေ့ကို မျက်တောင်မခတ် စိုက်ကြည့်ရင်း နှုတ်ဆက်လေသည်။ နောက်မှ 'ဆရာမက အတော်ကြည့်ကောင်းတာပါပဲ'ဟု နှုတ်ဆက်လေသည်။

မေမှာ ဘာမျှပြန်မပြောဘဲ ပြုံး၍သာ သူ့ကို ကြည့်နေ၏။

'ဆရာမဟာက ရိုးရိုးကလေးနဲ့ ယဉ်တာ။ ညနေဘက် ကောင်းကင် အပြာနဲ့ ထဘီချိတ်အပြာနဲ့ဟာ အသွေးချင်း ဟပ်ကျနေတာပေါ့။ ဘယ်လောက် အဆင်ပြေသလဲလို့။ ခေါင်းက ပန်းရောင် နှင်းဆီပွင့်ကလေးဆိုလည်း ဝင်တော့မယ့်ဆဲဆဲ နေလို ...'

ဦးဘောမောင်၏ ဟိမဝန္တာ ချီးမွမ်းခန်း ပြော၍ စာပိုဒ်အဆုံးလောက်တွင် ဧည့်ခန်းထဲသို့ ဒေါ်ငြိမ်းခင် ဝင်လာသည်။ ဒေါ်ငြိမ်းခင်မှာ နောက်

mgyoe.com

ဆုံး စကားလုံးကိုသာ သဲ့သဲ့ကြားလိုက်ရ၍ ...

'ဟုတ်တယ်။ တော်တော်ကြာ နေဝင်တော့မယ်။ လာ ... လာ ... ဆရာမ၊ မြက်ခင်းပေါ်သွားပြီး ပြင်တန်တာ ပြင်ရအောင်။ ဆရာမကို လိုက်ရှာနေတာ။ ခုနကပဲ အပေါ်ကို ရောက်ခဲ့တယ်'

ဟု ဆိုကာ မေနှင့်အတူ ဥယျာဉ်ပွဲပြုလုပ်မည့် မြက်ခင်းနေရာသို့ သွားကြလေသည်။

မြက်ခင်းမှာ ကတ်ကြေးဖြင့် ဖြတ်ထားသဖြင့် ညီညာပြန့်ပြူးနေသည်။ ကွန်တီနင်တယ်မှ ကုလားများမှလည်း အိုက်စကရင်၊ လက်ဖက်ရည်၊ ကိတ်၊ ဆင်းနဲ့ဝစ် စသည်တို့ကို ပန်းကန်များနှင့် ပြင်ဆင်လျက်ရှိကြသည်။ ပန်းရုံများအကြားမှာ ထိုးထားသော အရိပ်များမှာ ရှည်လျားသည်ထက် ရှည်လျားလာကာ ဥယျာဉ်ပွဲနေရာကို အေးမြသာယာအောင် ပြုလုပ်ပေးလေသည်။

ဧည့်သည်များ ရောက်လာကြပေပြီ။ ဒေါ်ငြိမ်းခင်နှင့် ဦးဘမောင်တို့မှာ ဝင်းဝဘက်မှ လာသူများကို ကြိုဆိုနှုတ်ဆက်ကာ နေရာထိုင်ခင်းညွှန်နေကြလေသည်။ မေမှာ သူ သိသော ဧည့်သည်များကို ဧည့်ခံ စကားပြောနေလေသည်။ နှင်းနှင့် ဝင်းတို့မှာ မိန်းမသူငယ်ချင်းများနှင့် ဆူဆူညံညံ ဧည့်ခံ စကားကောင်းနေကြ၏။

မကြာမြင့်မီပင် ပန်းခြံနေရာကွက်တွင် ပဲခူးမြို့မှ လူကုံထံများဖြင့် ပြည့်နှက်ကာ ပိုးရောင်၊ စိန်ရောင်တို့ဖြင့် ပြိုးပြိုးပြက်၍ လာလေသည်။ လာရောက်သူများမှာ အစိုးရအရာရှိများနှင့် ပိုက်ဆံရှိသူများသာ ဖြစ်ကြလေသည်။ ခပ်လှမ်းလှမ်းမှနေ ကြည့်လျှင် ပန်းခြံတွင် လိပ်ပြာများ အုံနေသည်ဟု မှတ်ထင်ရလေသည်။ မိန်းမပိုင်းမှ ဓာတုဗေဒလား၊ အစစ်လားဟု ခွဲခြား၍မရသော စိန်ရောင်များ တဝင်းဝင်း လက်နေ၏။ မြို့ပေါ်ရှိ အပျိုများမှာလည်း အလှပြနေကြလေသည်။ အချိန်ကျလျှင် သူတို့ ငမ်းငမ်းတက် သိချင် ခင်မင်ချင်ကြသော ဝန်ထောက်နှင့် ဆရာဝန်ကြီး ရောက်လာကြလေသည်။ ဦးဘမောင်နှင့် ဒေါ်ငြိမ်းခင်တို့က ဦးဆောင်၍ အားလုံးကို မိတ်ဆက်ပေးလေသည်။

မေမှာ ပန်းခက်ကလေးများကို ပြင်ဆင်လျက်ရှိစဉ် ဒေါ်အေးရှင်

mgyoe.com

mgyoe.com SAMPLE BOOK 

နှင့် အသက် ၃၀ ကျော် လူကြီးတို့ ရောက်လာလေသည်။

'မေ ... တော်တော်များ ပင်ပန်းနေပြီလား'

'မပန်းပါဘူး အန်တီ'ဟု မေက ပြုံး၍ ပြန်ပြောလေသည်။

'ဟော ... မိတ်ဆက်ပေးရဦးမယ်။ ဒါက နောက်ပြောင်းလာတဲ့ ဝန်ထောက် ဦးစိန်တင် အိုင်စီအက်စ်၊ ဒါက မေ ...'

ဝန်ထောက်နှင့် မေတို့သည် ခေါင်းညိတ်ကာ အပြန်အလှန် နှုတ်ဆက်ကြလေသည်။ ဝန်ထောက်မှာ အင်္ဂလန်မှ ပြန်လာသော အိုင်စီအက်စ် ဖြစ်ရာ ဘိုဆန်သော မေကို အင်္ဂလိပ်လို စကားပြောလေသည်။ မေမှာ ဘိလပ်သူပမာ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောနိုင်ရာ ဝန်ထောက်နှင့် စကားကောင်းနေကြလေသည်။ ဝန်ထောက်မှာ မေ၏ နားထောင်ကောင်းသော စကားလုံးများကို အံ့သြနေကြ၏။ သူတို့သည် ဂီတအကြောင်း၊ မန္တလေးအကြောင်း၊ ပန်းအကြောင်းများကို ပြောကြလေသည်။ ပရိသတ်မှာလည်း မေ့ကို ချီးမွမ်းကာ အံ့သြ နေကြလေသည်။ သူတို့မှာ ရေပက် မဝင်အောင် ပြောနေကြသဖြင့် ဒေါ်အေးရှင်ကပင် 'စကား ပြောရစ်ဦး'ဟု ပြောကာ အခြားဘက်သို့ ထွက်သွားလေသည်။ ဒေါ်မြင့်မြင့်က ဒေါ်ငြိမ်းခင်ကို လက်ကုတ်ကာ 'စကားပြော တော်တော်ကောင်းတဲ့ ကောင်မလေး'ဟု မှတ်ချက်ချလေသည်။

အလင်းရောင် ပျောက်ကာ အမှောင်သမ်းလာပြီဖြစ်၍ မီးများပင် လင်းလက်လာလေပြီ။ လက်ဖက်ရည်ပွဲကိုလည်း စလေပြီ။ မေ၏ လက်ယာဘက်မှာ ဝန်ထောက် ထိုင်၍ လက်ဝဲဘက်မှာ တရားသူကြီး ဦးသက်ဝင်း၏သား မောင်သိန်းဟန် ထိုင်လေသည်။ မေသည် ကြယ်များအလယ် လမင်းပမာ ဖြစ်နေသည်။ မေ၏အရောင်မှာ အခြား မိန်းမပျိုများ၏ အရောင်ကို လွှမ်းမိုး တောက်ပြောင်လေသည်။

စားဖွယ်သောက်ဖွယ်များ သုံးဆောင်လျက်ရှိကြစဉ် ဒေါ်ငြိမ်းခင်က မေ့ကို စန္ဒရားတီးရန် ပြောလေသည်။

'ဘာသီချင်း တီးရမလဲ မပြောတတ်ဘူး'

ဟု မေက ဝန်ထောက်နှင့် မောင်သိန်းဟန်ဘက် လှည့်ကာ ပြောလေသည်။

mgyoe.com

m g y o e . c o m
SAMPLE BOOK

'ကျုပ်တော့ 'ရွှန်းရွှန်းမြ'ဆိုတဲ့ သီချင်းကို သဘောကျတယ်'

မေသည် ဆောင်တော်ကူး ပန်းရုံဘေးရှိ စန္ဒရားရှိရာသို့ ထသွားလေသည်။ လူများသည် မေ၏ အမူအရာကိုသာ ကြည့်ချင်မြင်ချင်နေကြသည်။ မေသည် စန္ဒရားခုံတွင် ထိုင်လိုက်သောအခါ စန္ဒရား၏ ညိုမှောင်သော အရောင်ဝယ် မေ၏ လှပသောသဏ္ဍာန်မှာ ထင်ရှားစွာ ပေါ်နေလေသည်။ မေသည် စန္ဒရားကို စမ်းကာ ဘွဲ့ခံလေသည်။

'ဟောကြည့် ... မေ လက်တုန်နေတယ်'

ဟု ဒေါ်အေးရှင်က ဒေါ်ငြိမ်းခင်ဘက်သို့ လှည့်၍ မေးငေါ့၏။ သို့ရာတွင် မေသည် ဘယ်တော့မှ လက်မတုန်ပေ။ ဒိုင်အိုကျောင်းမှာ၊ ဆရာဖြစ်သင် ကောလိပ်ကျောင်းမှာ နေစဉ်ကတည်းက ပွဲတိုးခဲ့ဖူးလေသည်။ မေမှာ ဆိုရ တီးရသူလည်း ဖြစ်လေသည်။ ဤမျှ ပရိသတ်ကို မေက အပျော့သာ ထင်လေသည်။

ဘွဲ့ခံ ဆုံးသွားလျှင် မေ၏ ပိရိအေးစက်သော စန္ဒရားသံနှင့်အတူ နူးညံ့ငြိမ့်ဆန်းသော သီချင်းသံမှာ ဖြိုင်ဖြိုင်ကြီး ထွက်ပေါ်လာသည်။ ဂီတ နားလည်သော သူများကလည်း မေ့ကို တီးတိုး ချီးမွမ်းကြလေသည်။ သီချင်းခံကြီးနှင့် ကြိုး ဆုံးလျှင် မေသည် ပတ်ပျိုးတစ်ပုဒ်ကို ကောက်တီးလေသည်။ ပတ်ပျိုးမှာ ချစ်သမျှကို သစ္စာတိုင်ပတ်ပျိုးဖြစ်ရာ သီချင်းစာသားကလည်း အသားပါ၊ အသံကလည်း ချိုရာ မေ၏အသံမှာ လူတိုင်း၏ နားဝယ် တလွင်လွင် သာနေလေသည်။

ချစ်သမျှကို ဆုံးသွားလျှင် ကာလပေါ်တစ်ပုဒ် တီးရန် ပွဲတောင်းကြပြန်လေသည်။ ဒီညအဖို့ ပရိသတ်များ၏ စိတ်တွင် မေသည် မိုးကျနတ်မယ်ကလေး ဖြစ်လေသည်။ သူတို့စိတ်တွင် မေသည် ပြာသော တိမ်တိုက်အကြားမှ နတ်စောင်းကို တီးခတ်နေသည်ဟု ထင်ကြလေသည်။ သူတို့ပတ်ဝန်းကျင်တွင် အရာအားလုံးတို့သည် နုသမျှနု၊ ယဉ်သမျှယဉ်၊ လှသမျှ လှနေသည်ဟု ထင်လေသည်။ အတီးကောင်း၊ အဆိုကောင်း၊ အလှမယ် မေသည် ကာလပေါ် သီချင်းတစ်ပုဒ်ကို တီးရပြန်လေသည်။

'လှေကလေးကို လှော်မည် ... ဘေးမသန်းဘဲ အေးချမ်းတော့မည် ... မြစ်ကမ်းခြေနဒီ ... စိမ်းလဲ့လဲ့ကြည် ...'

mgyoe.com SAMPLE BOOK 

မေ၏ သီချင်းသံမှတစ်ပါး အားလုံး ငြိမ်သက်၏။ ဂီတဝါသနာမပါသူများကပင် နားစိုက်၍ ထောင်၏။ ပရိသတ်၏ အာရုံမှာ ထဘီအပြာချိတ်ကလေးနှင့်၊ ပန်းရောင် နှင်းဆီပွင့်ကလေးနှင့် နားထောင်၍ မငြီးသော၊ ကြည့်၍ မငြီးသော နတ်သမီးပျိုကလေး၏ အာရုံတစ်ခုတည်းသာ ဖြစ်လေသည်။ မေ့အဖို့မှာ နွေအလှကိုမြင်၍ ဘဝင်ကြည်ကြည်နူးသော ရွှေချိုးမယ်၊ ဥဩမယ်ကလေး ဖြစ်မှန်းမသိ ဖြစ်လေသည်။ သူနှင့်ရွယ်တူ မိန်းမပျို အအိုများပင် သီချင်းက သာလွန်း၊ ချိုလွန်းလှ၍ မေ့ကို မနာလိုရမှာကို မေ့ကာ စိုက်၍ နားထောင်နေမိကြလေသည်။

နောက်ထပ် ပွဲတောင်းမှာ ကြောက်သဖြင့် မေသည် သီချင်းဆုံးလျှင် စန္ဒရားခုံမှ ထကာ ပရိသတ်ထဲ ရောက်နေလေသည်။ မေမှာ ချီးမွမ်းသူများ ခြံရံလျက် ရှိလေသည်။ မေ့အဖို့မှာ အောင်ပွဲမင်္ဂလာကြီး ဖြစ်လေသည်။ အားလုံးသော ပါးစပ်ဖျားမှာ မေ၏အမည်သာ ခေတ်စားလျက် သူတို့အား တည်ခင်းကျွေးမွေးသော အိမ်ရှင် ဦးဘမောင်နှင့် ဇနီး ဒေါ်ငြိမ်းခင်ကိုပင် ခေတ္တ မေ့နေသလားဟု အောက်မေ့ရလေသည်။ မည်သူမျှ နှင်းကို စန္ဒရားတီးရန် မတောင်းပန်ကြ၊ မည်သူမျှ ဝင်းကို သီချင်းဆိုရန် ပွဲမတောင်းကြ။ အကြောင်းမှာ မေသည် ကျေးငှက်ပေါင်းအလယ်မှာ ဒေါင်းမကလေးဖြစ်နေ၍ ဒေါင်းမကလေး အကကိုသာ မြင်ချင်ကြ၏။ ဒေါင်းမကလေး အိုးဝေတွန်သံကို ကြားချင်ကြသည်။ ဘုန်းရှိရောက်က ဘုန်းမဲ့ ပျောက်ရတော့သည်။

ဒေါ်ငြိမ်းခင်မှာ မေ၏နေရာဝယ်၊ သူ့သမီးချော နှစ်ယောက်၏ ကြယ်ရောင်၊ လရောင်များ မလွှမ်းမိုးနိုင်သည်ကို ခံပြင်းနေလေသည်။ မေ့ကြောင့်ပင် ပရိသတ်အားလုံးက သူတို့ကို အရေးမစိုက်ကြ။ သို့ဖြစ်လေရာ ဒေါ်ငြိမ်းခင်သည် စန်းအပွင့်ကြီး ပွင့်လျက်ရှိသော မေ့ကို မနာလိုကြီး မနာလိုလျက် ရှိလေသည်။ စန္ဒရားတီးပြီးကြလျှင် အပေါ်ထပ်မှ ကြေးစည်သံ ထွက်ပေါ်လာလေသည်။ တချို့လည်း အပေါ်ထပ် ဘုရားဖူးကြသည်။ တဖြည်းဖြည်း ညဉ့်နက်လာကာ ပရိသတ်လည်း စဲသွားလေသည်။

မေသည် လူတွေ ဧည့်ခံရလွန်း၍ ငြီးစီစီနေသည်ဟု အကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြကာ အိမ်ဘေး ပန်းခြံထဲတွင် ထိုင်နေလေသည်။ လမှာလည်း ပပဝင်း လျက် ရှိ၏။ သစ်ရွက် အခက်အလက်များမှာ လရောင်တွင် ငွေရည် လူးထားသလို မှတ်ထင်ရလေသည်။ သူသည် ညနေက ဥယျာဉ်ပွဲကို တွေးနေလေသည်။ ဒေါ်ငြိမ်းခင်က သူ့ကို မကျေနပ်ဖြစ်နေသည်ကို သူ သိလေသည်။ သီချင်းဆိုရာတွင်လည်း မေ့ကို စိန်ကြောင်နီလာပတ်ပျိုး ကို ဆိုရန် ပြော၏။ မေက အခိပ္ပာယ်ပါသော ချစ်သမျှကိုသာ ဆိုလေ သည်။ ဩဇာပေးတတ်သော သူမှာ မိမိဩဇာ မတည်သဖြင့် မကျေနပ် ပေ။ ညစာ ထမင်းစားရာတွင် ဒေါ်ငြိမ်းခင်၏ မျက်နှာမှာ သူ့ကို သဘော မကျသည့် ပုံစံမျိုး ပေါ်နေလေသည်။ မေသည် သူ့အား မနာလိုကြပြီ ကို သူ သိလေသည်။ သူသည် ဟိုတွေး ဒီတွေး တွေးနေရာမှ မခင်စီ တို့ဆီ ရောက်သွားလေသည်။ မခင်စီမှတစ်ဆင့် ကိုကျော်မြင့်။

သူ့နောက်မှ ခြေသံကြားရသဖြင့် မေသည် အတွေးကို ရပ်ကာ လှည့်ကြည့်လေသည်။ ဦးဘေမောင် ဖြစ်လေသည်။

'မေ ... တစ်ယောက်တည်းပဲလား'

'ဟုတ်ကဲ့။ လေညင်းခံနေပါတယ်။ နည်းနည်းလည်း ပန်းတာနဲ့'

မေသည် နောက်ထပ် စကားရှာမတွေ့သဖြင့် ဆက်မပြောဘဲ နေ လေသည်။ အမှန်မှာ သူကလည်း စကားရှည်ရှည် မပြောချင်ပေ။ သို့ရာ တွင် ဦးဘေမောင်မှာ တော်တော်နှင့် ပြန်ဦးမည်မဟုတ်။

'ဟုတ်တယ်။ လကလေးက သာသာ၊ လေညင်းကလေးက တဖြူး ဖြူး ... နေရာကျတာပေါ့။ အခုလို ညက သိပ်သာယာနေတော့ အေးအေး ဆေးဆေး အရသာခံလို့ ကောင်းတာပေါ့။ ကြည့်ပါလား ... ပန်းတွေ တောင် ညအလှကို ကြည်နူးနေကြတယ်'

သူ ပြောသလိုပင် ပန်းရုံများမှ အပွင့်အရွက် အခက်များသည် လေညင်းဝယ် ဆော့နေကြလေသည်။ ဦးဘေမောင်သည် သူ့အနားသို့ တိုးကပ်လာလေသည်။ မေသည် အိမ်ပေါ်သို့တက်ရန် အချိန်တော်ပြီဟု အောက်မေ့သဖြင့် နေရာမှ ထလိုက်လေသည်။

'မေ ... အိမ်ပေါ်တက်တော့မယ်'

ဟု မေက ခြေလှမ်းပြင်ရင်း ပြော၏။

mgyoe.com

mgyoe.com SAMPLE BOOK



'ညနေက မေ ပီယာနိုတီးတာ သိပ်ကောင်းပါလား။ ပဲရူးက လူတွေကတော့ မေ့ကို သိပ်သဘောကျတာပဲ။ သဘောလည်း ကျလောက်ပါတယ်။ မေက သိပ်တော်တာကိုး'

မေ့မှာ မပြန်ရသေးဘဲ သူ့စကားကို နားထောင်နေရလေသည်။

'နောက်ပြီး မေက လှတော့ လူတွေကို ငေးနေကြတာပဲ'

စကားဆုံးလျှင် သူသည် မေ၏ပခုံးကိုကိုင်ကာ ကုန်း၍ နမ်းလေသည်။ မေသည် မျက်နှာကို နှိမ့်ချလိုက်၏။ ဦးဘေမောင်၏ နှာခေါင်းမှာ မေ၏နဖူးကို ခတ်၍ ဆံထုံးမှ ဘီးနှင့် ပွတ်သွားလေသည်။ ဘုရားလူကြီး ဦးဘေမောင် နောက်ထပ် နမ်းရန် အချိန်မရမီ မေသည် အပြေးကလေး အိမ်ပေါ်သို့ တက်သွားလေသည်။

မေမှာ သူ့အိပ်ခန်းသို့ရောက်လျှင် ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ရှင်ရှင်လန်းလန်းပင် ရှိလေသည်။ ဆင်ဝင် ခန်းဆီးကြားမှ ချောင်းကြည့်နေသော ဒေါ်ငြိမ်းခင်မှာ သူတို့အဖြစ်အပျက်ကို အစကအဆုံး မြင်လေသည်။ မေ့ကို ဤအိမ်မှ အမြန်ဆုံး ထွက်သွားရမည်ဟု သူသည် ဆုံးဖြတ်လိုက်လေသည်။ မေက သိသည်မှာ ဦးဘေမောင်က သူ့ကို ကြိုက်နေပြီ ဆိုတာသာ ဖြစ်လေသည်။ ဤကိစ္စမှာ ဦးဘေမောင်ကို ရှောင်လွှဲ မျက်နှာ မဆိုင်ဘဲ နေလျှင် ပြီးမည်ဟု သူ တွေးလေသည်။ မေသည် ဖွင့်ထားသော ပြတင်းပေါက်မှ ကောင်းကင်သို့ မော့ကြည့်လိုက်လေသည်။ ငွေနား ကွပ်ထားသော တိမ်တိုက်အဖြူများသည် မိုးရိပ်မိုးသား ကင်းစင်အောင် ကောင်းကင်ဝယ် လွင့်ပါးနေကြလေသည်။

●

mgyoe.com

m g y o e . c o m
SAMPLE BOOK

(၄)

မေသည် လက်ထဲမှ စာအုပ်ကို ဖျတ်ခနဲ စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။ တော်သလင်း နေမှာ အတော်ပူရာ စာဖတ်၍မရလောက်အောင်ပင် ရှိသဖြင့် စာအုပ်ချထားလိုက်ရလေသည်။ စာအုပ်မှာ ဟာဒီ ရေးသော 'စိမ်းသော သစ်ပင်အောက်မှာ'ဝတ္ထု ဖြစ်လေသည်။

နေ့ခင်း အားလျှင် စာဖတ်ခြင်းမှာ သူ့အကျင့် ဖြစ်၏။ နေ့မှာ လင်း၏။ ကောင်းကင်မှာ ကြေးမုံပြင်ကဲ့သို့ မြူတိမ်တို့မှ ကင်းရှင်း၏။ သစ်ပင်များမှာ သူတို့၏ အရွက်အလက်၊ အကိုင်းအခက်များကို နေပူရှိန် မခံနိုင်ကြသောကြောင့် အောက်သို့စိုက်၍ နေကြကုန်၏။ ပန်းပွင့်များမှာလည်း သူတို့၏ ရိုးတံပွင့်ချပ်တို့ကို ခေါင်းငိုက်၍ ထားကြ၏။ အဝေး လယ်တောကြီးမှာ စပါးပင်များဖြင့် စိမ်းစိမ်းစိုစိုနေလျက် ကျောက်စိမ်းရောင် ပင်လယ်ပြင်ကြီးနှင့် တူနေလေ၏။ ငှက်တော်ကလေးများ အော်မြည်သံကို သဲ့သဲ့ကြားရ၏။

မနက်က မခင်စီထံမှ သူ့အစ်ကိုနှင့် ပဲခူးသို့ လာမည့်အကြောင်း စာရလေသည်။ လာလည်မည်မှာ တနင်္ဂနွေနေ့ဖြစ်၍ နှစ်ရက်သာ လိုတော့၏။ မေသည် မခင်စီတို့ လာလည်မည့်ကိစ္စကို စဉ်းစားလေသည်။ ယခင်က မေမှာ ယခု မေနှင့် မတူတော့ပြီ။ ဒေါ်ငြိမ်းခင်က သူ့ကို 'တယ်

m g y o e . c o m

mgyoe.com SAMPLE BOOK


တော်တဲ့ ဆရာမကလေး'ဟု မထင်မှတ်တော့။ လင်ဖမ်းနေသော အပျို ဟူ၍သာ အထင်ရှိလေသည်။ ခါတိုင်း စာသင်ချိန်တွင် ဒေါ်ငြိမ်းခင်သည် အပါးသို့လာနေကာ နားထောင်တတ်လေသည်။ ယခုမူ အိမ်ကိစ္စတွင် အလုပ်များကာ အစေခံတွေကို ကြိမ်းမောင်းနေသည်။ နှင်းနှင့် ဝင်းတို့မှာ သူ့အမေက အရင်လိုမဟုတ်ဟု မှတ်ကာ ဝမ်းနည်းနေကြ၏။ မေ့အဖို့မှာ မည်သို့မျှ မပြောင်းလဲဘဲ ယခင်ကကဲ့သို့ပင် သူတို့ကို ယုယမြဲ ယုယကာ၊ ဆရာမပီပီ ကြင်နာစွာ သဘောထားသဖြင့် သမီးနှစ်ယောက်မှာ သူတို့ ဆရာမကို ချစ်ခင်လျက်ပင် ရှိလေသည်။

ဥယျာဉ်ပွဲပြီးကတည်းက မေ့ကို မိုးကျနတ်သမီးလေးဟု မထင် ကြတော့။ ဒေါ်ငြိမ်းခင် အစပြု၍ ဒေါ်မြင့်မြင့်၊ ဒေါ်အေးရှင်၊ အငြိမ်းစား စစ်ကဲကတော် ဒေါ်ချစ်တို့က မေ့ကို 'ပျံလွှားမ'ဟု အောက်မေ့လျက် ရှိ ကြသည်။ ရွယ်တူ အပျိုကလေးများကလည်း မေ့ကို 'ပျံတဲ့ ကောင်မ'ဟု သဘောထားကြသည်။ လူကုံထံပိုင်းမှာ ကိုယ့်ထက်သာလျှင် မနာလိုကြ သည်။ အကြောင်းမှာ သူတို့သည် မေလောက် စန္ဒရားအတီး မကောင်း ကြ။ အင်္ဂလိပ်စကားကို ကျင်လည်စွာ မပြောတတ်ကြ။ အဝတ်အစား ခေတ်ဆန်အောင် မဝတ်တတ်ကြသောကြောင့် ဖြစ်လေသည်။

နောက်တစ်နေ့ ဈေးထဲတွင် မေနှင့် ဝန်ထောက် ဦးစိန်တင်တို့ တွေ့ကြသေးသည်။ ဦးစိန်တင်မှာ ကားနှင့်ဖြစ်၍ ကားထဲတွင် ဒေါ်မြင့်မြင့် တို့လည်း ပါသည်။ မေနှင့် ဦးစိန်တင်မှာ ရေပက် မဝင်အောင် အင်္ဂလိပ် လို စကားပြောလျက်ရှိကြရာ ဘေးက မေ့လို မပြောတတ်သော ဒေါ်မြင့် မြင့်တို့ လူကုံထံတစ်သိုက်မှာ ပါးစပ်အဟောင်းသားနှင့်သာ နေကြရသည်။ ထိုအခါကစ၍ နောက် မေနှင့် သူတို့ တွေ့ကြလျှင် မေ့ကို အရင်ကလို ပျူငှာစွာ နှုတ်မဆက်ကြတော့။ ဤသို့လျှင် အစက ယဉ်ကျေးသော မေ မှာ ယောကျ်ားတွေနှင့် ပရောပရီလုပ်သော ပျံသော မေအဖြစ်သို့ ပဲခူး လူကုံထံပိုင်းက ကဲ့ရဲ့သင်္ကြုဟ်လျက် ရှိလေသည်။

ထိုအခါမျိုးတွင် မေမှာ မခင်စိတို့ကို အထူး သတိရလေသည်။ မခင်စိကလည်း မေ့ကို သူတို့ဆီလာနေရန် ခေါ်ဖူးသည်။ မေလို သွက်လက် ပုံမျိုးမှာ ပဲခူးလို တောမျိုးနှင့် မတန်ပေ။ မြို့ကြီးပြကြီးနှင့်သာ တော်

mgyoe.com